# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၁၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၁၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# စိုက်ပျိုးရေးလုပ်ငန်းကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည် တစ်ဟုန်ထိုးတိုးတက်သွားနိုင်

နေပြည်တော် မေ ၁၀

စိုက်ပျိုးရေးလုပ်ငန်းကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည် တစ်ဟုန်ထိုး တိုးတက်သွားနိုင်သည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးစွမ်းအားမြှင့်တင်ခြင်းအားဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကထား ဆွေးနွေးပေးနိုင်ရန် ပြောကြားလိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပပြုလုပ်သည့် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့** *ဖတ်စရာ*

ဆီးဂိမ်း ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာအမျိုးသားနှင့် အမျိုးသမီးအသင်း ရွှေဆုရယူ — ဆီးဂိမ်းအားကစားပြိုင်ပွဲ — စာ ၁၄

ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့ . . . — ဆောင်းပါး — စာ ၁၆

မြန်မာ့အလင်း

## နိုင်ငံတည်ဆောက်ရေးတွင် အင်အားတစ်ရပ်အဖြစ် ပါဝင်

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်။ ပြည်တွင်းအင်အားများသည် စုစည်းညီညွတ်ပြီး တက်ကြွလှုပ်ရှားကာ အပေါင်းလက္ခဏာ ဆောင်နေမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်ရရှိနိုင်ပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်မားအောင် ဆက်လက်တည်ဆောက်၍ ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်မည်ဖြစ်သည်။ စုစည်းညီညွတ်မှုမရှိ၊ အဖျက်အုပ်စုများ ပေါ်ထွက်နေလျက် ဆန့်ကျင်ဘက်လားရာများဆီသို့သာ ဦးတည်နေမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမှာ အနုတ်လက္ခဏာပြပြီး နိမ့်ကျနေမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျသောနေရာတွင် တည်ရှိနေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အရင်းအမြစ်များလည်း ပိုင်ဆိုင်ထားပါလျက်နှင့် ပြည်တွင်းအင်အားများ စုစည်းနိုင်မှု အားနည်းချက်ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နှောင့်နှေးနေရသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုနှင့် အငြင်းပွားမှုများအပေါ်တွင် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံကို အလုံးစုံပျက်သုဉ်းစေပြီးမှ မိမိတို့အာဏာကို ထူထောင်မည်ဟူသော အတွေးအခေါ်ဖြင့် လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို စွဲကိုင်၍ CRPH,NUG နှင့် PDF အကြမ်းဖက်အဖွဲ့အစည်းများ ပေါ်ပေါက်ခဲ့သည်။

၎င်းအကြမ်းဖက်အဖွဲ့အစည်းများ၏ လက်ရှိအနေအထားတို့ကို လေ့လာဆန်းစစ်ကြည့်ပါက ဦးခေါင်းပိုင်းဟု ဆိုရမည့်သူများက တတိယနိုင်ငံများဆီသို့ ခိုလှုံရောက်ရှိနေကြပြီး မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများ ဖြစ်ပေါ်အောင် လှုံ့ဆော်ခြင်း၊ လိမ်ညာဝါဒဖြန့်ခြင်း၊ ထောက်ပို့အမည်ခံသူများက ခေါင်းစဉ်အမျိုးမျိုးဖြင့် လိမ်လည်အလှူခံ ကိုယ်ကျိုးရှာမှု၊ အဝေမတည့်မှု၊ စာရင်းပျောက်အင်းပျောက် လုံးဝအပျောက်ရိုက်ပြီး တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ဆဲရေးတိုင်းထွာနေကြခြင်း၊ အကျင့်စာရိတ္တပျက်ယွင်းမှု၊ လူမှုရေးဖောက်ပြန်မှုနှင့် ဥပဒေမဲ့ထင်ရာစိုင်းမှုများ ဖြစ်ပေါ်နေခြင်း၊ ပြည်တွင်းရှိ အကြမ်းဖက်အုပ်စုများမှာလည်း ကိုယ့်နယ်တွင် ကိုယ်ဗိုလ်လုပ်၍ ပြည်သူလူထုအပေါ် အကြောက်တရားသွတ်သွင်းကာ အနိုင်ကျင့်ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မှုများ ပြုလုပ်နေခြင်း စသည်တို့ဖြစ်ပေါ်လျက်ရှိရာ နွေဦးတော်လှန်ရေးဟူသော ကဗျာဆန်ဆန်ခေါင်းစဉ်၏အောက်တွင် အနိဋ္ဌာရုံနှင့် အပုပ်နံ့တို့ တထောင်းထောင်းထနေပြီဖြစ်သည်။

မိမိတို့၏ နိုင်ငံကို စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်နက်ကိုင်ဆန့်ကျင်မှုများ လျော့နည်းကင်းစင်သည်နှင့်အမျှ ရည်မှန်းချက်အတိုင်း မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ် ပြီးမြောက်နိုင်မည်ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်နေသလို PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကိုလည်း ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိသည်။

အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဥပဒေပြင်ပအဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ထားမိလျှင်ပင် တရားရုံးတွင် ဥပဒေနှင့်အညီ အမှုရင်ဆိုင်ဖြေရှင်းကာ ပုံမှန်နိုင်ငံသားဘဝကို ပြန်လည်ခံယူနိုင်ကြမည်ဖြစ်သည်။ ၎င်းတို့အတွက် အခွင့်အရေးအနေဖြင့် ပြစ်မှုအတိုင်းအတာအပေါ် မူတည်၍ ဥပဒေကြောင်းအရ လိုအပ်သည့် ဖြေလျှော့မှုများ ရနိုင်မည်ဖြစ်သလို လက်နက်ခဲယမ်းများ ပါရှိလာပါကလည်း ဆုကြေးငွေထောက်ပံ့မှုများကို ရရှိနိုင်ကြဦးမည်ဖြစ်သည်။

အမိနိုင်ငံအတွင်း အစဉ်တစိုက် နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အစစ်အမှန်ဆန္ဒသည် နိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာရေး၊ ထာဝရငြိမ်းချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ကောင်းမွန်ရေး၊ မြင့်မားရေးပင်ဖြစ်ရာ မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားများကို အကြမ်းဖက်အဖျက်လုပ်ငန်းများတွင် မနစ်မွန်းစေဘဲ အပေါင်းလက္ခဏာဆောင်သည့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြပါစေကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးကို လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆာအု(ဒ်) ဘင်အဗ္ဗဒူ(လ်)လာ အယ်လ်စုဘိုင်ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-ဆော်ဒီအာရေဗျ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး တိုးတက်ခိုင်မာရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ (အပေါ်ပုံ) သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌဟောင်းအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၀

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဂျပန်နိုင်ငံခြား သတင်းထောက်များအသင်း (Foreign Correspondent Club of Japan-FCCJ) ၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ Mr.KHALDON AZHARI အား ယနေ့ ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များနှင့် နိုင်ငံတကာ မီဒီယာများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။ (ဝဲပုံ)

သတင်းစဉ်

## မကွေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ အသင့်စုဖွဲ့လေ့ကျင့်နေပြီး ယာဉ်/စက်ပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိ

မကွေး မေ ၁၀

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ အတွင်းရေးမှူး ဦးသန်းဆွေဝင်းတို့နှင့်အတူ မေ ၁၀ ရက်က တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန လေ့ကျင့်ရေးကွင်း၌ တိုင်းဒေသကြီးအဆင့် ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ အသင့်စုဖွဲ့လေ့ကျင့်နေမှုနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ၊ ရိက္ခာများ အသင့်စုဖွဲ့ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား အသင့်စုဖွဲ့လေ့ကျင့်ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က လိုက်လံရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မောင်ညီညာ

## ၁၈-၅-၂၀၂၂ ရက်နေ့တွင် ပြတိုက်များသို့ အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၂ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (International Musem Day) အား ဂုဏ်ပြုသောအားဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ ပြတိုက်များသို့ လာရောက်လေ့လာသည့် ပြည်တွင်း/ပြည်ပ လေ့လာသူများအား ၁၈-၅-၂၀၂၂ ရက်နေ့တွင် ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးသောင်းဟန်နှင့် ဦးမျိုးမြင့်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

## စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဖြင့် တင်ပြဆွေးနွေးကြစေလို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် နိုင်ငံတော်၏ စီးပွားရေးတွင်အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း၊ အစည်းအဝေးတွင် စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဖြင့် တင်ပြဆွေးနွေးကြစေလိုကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများသည် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကျွမ်းကျင်ကြသူများဖြစ်ကြကြောင်း၊ နိုင်ငံစီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အတွက် ဦးစားပေးဆောင်ရွက်ခြင်း ဖြစ်ကြောင်း။

## စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါက ကျေးလက်နေ ပြည်သူများ၏ဘဝများ ထူးခြားစွာတိုးတက်ပြောင်းလဲလာမည်

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အဓိကကုန်ထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ဂျီဒီပီတွင် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ သုံးရပ်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၌ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကဏ္ဍရှိကြောင်း၊ ထိုမှတစ်ဆင့် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရောင်းဝယ်မှုများကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့်နှီးနွှယ်နေသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြကြောင်း၊ ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် နှီးနွှယ်နေသူများဖြစ်ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ဘဝများ ထူးခြားစွာတိုးတက်ပြောင်းလဲလာမည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

## သီးထပ်စွမ်းအားများ တိုးတက်အောင်ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများစွာတိုးတက်လာမည်

စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအားဖြင့် စပါးနှင့် ဆီထွက်သီးနှံများ၊ ပဲ အမျိုးမျိုး၊ ဝါ၊ ကြံ၊ ပြောင်းနှင့် မီးဖိုချောင်သုံး သီးနှံများ၊ လက်ဖက်၊ ရော်ဘာ၊ ကော်ဖီ၊ ဆီအုန်း စသည့်စက်မှုကုန်ကြမ်းသီးနှံများကို အများဆုံးစိုက်ပျိုးကြသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးမြေများတွင် လယ်ယာမြေ၊ ဥယျာဉ်မြေများသာမက အခြားမြေများကို ထည့်သွင်းထားသည့်အတွက် စိုက်ပျိုးကေများ များပြားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင်မိုးစပါးစိုက်ကေ ၁၅ သန်းရှိကြောင်း၊ ၂၀၂၂ ခုနှစ်တွင် မိုးစပါး ၁၄ ဒသမ ၉ သန်းရှိသည်ကို တွေ့ရှိရပြီး ထိုအထဲတွင် လယ်စိုက်ပျိုးမှုအနေဖြင့် ၁၃ ဒသမ ၁၇၅ သန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ယာစိုက်ပျိုးမှုမှာ ၆ သိန်း၊ တောင်ယာစိုက်ပျိုးမှုမှာ ၁ ဒသမ ၉ သိန်းပါရှိပြီး ထိုအထဲတွင် အခြားမြေများလည်း ပါဝင်သည်ကို တွေ့ရှိရကြောင်း၊ မိုးစပါးစိုက်ကေများ၌ မိုးစပါးစိုက်ပျိုးသည့်အချိန်တွင် အခြားသီးနှံများကို ဆက်လက်စိုက်ပျိုးမည်ဆိုပါက သီးထပ်စွမ်းအားများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင်အဆိုပါ မိုးစပါးစိုက်ပျိုးမြေများမှ ၁ ဒသမ ၈ သန်းခန့်တွင် နွေစပါးစိုက်ပျိုးသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးကေ ၁၃ ဒသမ ၁၇၅ သန်းတွင် သီးနှံအမျိုးမျိုးစိုက်ပျိုးမှုမှာ ၇ ဒသမ ၄၇၃ သန်းရှိသည့်အတွက် မိုးစပါးတစ်မျိုးသာ စိုက်ပျိုးမှုမှာ ၅ ဒသမ ၇၃ သန်းရှိသည်ကို တွေ့ရှိရကြောင်း။

ယခုအချိန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမှုမရှိဘဲ ကျန်ရှိနေသည့်မြေ ၅ သန်း ၇ သိန်းကျော်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် မိုးစပါးထွက်ရှိမှုအနေဖြင့် တစ်ကေလျှင်ပျမ်းမျှ ၇၂ ဒသမ ၆၄ တင်း ခန့်ထွက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရန်ကျန်ရှိသည့် စိုက်ပျိုးမြေများတွင် ၄ သန်းခန့်အား သီးထပ်စိုက်ပျိုးပြီး တစ်ကေအထွက်နှုန်း ၇၂ ဒသမ ၆၄ တင်းဖြင့် တွက်ချက်မည်ဆိုပါက ၂၈၉ ဒသမ ၅၄ တင်းသန်း ထွက်ရှိမည်ဖြစ်ကြောင်း၊ တစ်တင်းလျှင် ၁၀၀၀၀ နှုန်းဖြင့် တွက်ချက်ကြည့်မည်ဆိုပါက စပါးတင်းသန်း ၂၉၀ အတွက် ဘီလီယံ ၂၉၀၀ ရရှိပြီး တိုင်းပြည်၏စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုးတက်လာမည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအားများလည်း တက်လာမည်ဖြစ်သဖြင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရန်ကျန်ရှိသည့် မြေများတွင် စိုက်ပျိုးမှုများဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

အလားတူ အဆိုပါစိုက်ပျိုးခြင်းမရှိသည့် စိုက်ပျိုးမြေကေ ၄ သန်းပေါ်တွင် အခြားသီးနှံများနှင့် ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်မည်ဆိုပါကလည်း စပါးကဲ့သို့ များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် နှစ်စဉ် ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများရှိကြောင်း၊ ပြည်တွင်း စားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် စားသုံးဆီများပိုလျှံလာနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ခြင်းဖြင့် နိုင်ငံ့ဂျီဒီပီ တိုးတက်နှုန်းကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

## ဝတ်ရေးဖူလုံမှုရှိစေရေး ဝါစိုက်ပျိုးမှု တိုးတက်အောင်ဆောင်ရွက်

မိမိတို့နိုင်ငံ၌ ၂၀၂၂ ခုနှစ်တွင် ဝါစိုက်ပျိုးမှုမှာ ၄ ဒသမ ၅ သိန်းကေခန့်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဝါစိုက်ပျိုးမှု ၈ သိန်းကျော်ရှိခဲ့ကြောင်း၊ ဝါစိုက်ပျိုးမှုများ မြှင့်တင်ရန်အတွက် ယခုအခါနိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဝါစိုက်ပျိုးမှုများကို ယခင်စိုက်ပျိုးကေအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက်လိုအပ်သည့် ချည်မျှင်များကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ အဆင့်မီသည့် ဝါများစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက်လည်း နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ ဝတ်ရေးဖူလုံရေးအတွက် ဝါစိုက်ပျိုးမှုများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ချည်မျှင်ထုတ်လုပ်သည့် စက်ရုံများနှင့် အထည်ရက်လုပ်သည့် စက်ရုံများ တည်ဆောက်၍ ချည်ချောများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာ ပြည်ပမှ ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

## ပြည်တွင်းဆီဖူလုံမှုရှိစေရေး ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်ဆောင်ရွက်

ဆီထွက်သီးနှံစိုက်ပျိုးမှုအနေဖြင့် မြေပဲစိုက်ပျိုးကေ ၃ သန်း၊ နေကြာစိုက်ပျိုး ကေတစ်သန်း၊ နှမ်းစိုက်ပျိုးကေ ၃ ဒသမ ၅ သန်း စိုက်ပျိုးကြကြောင်း၊ ထိုအထဲတွင် မြေပဲတစ်ခုသာ ပန်းတိုင်ရည်မှန်းချက်ကို ပြည့်မီအောင်ထွက်ရှိကြောင်း၊ လက်ရှိစိုက်ကေမှ မြေပဲ၊ နှမ်း၊ နေကြာနှင့် ပန်းနှမ်းများကို စနစ်တကျစိုက်ပျိုးပြီး ပန်းတိုင်ရည်မှန်းချက်ကိုပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဆီတန်ချိန်ပေါင်း ၁ ဒသမ ၃၆၉ သန်းထွက်ရှိမည်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ကို ပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက စားအုန်းဆီမပါဘဲ ဆီဖူလုံမှု ၂၀၀ ရာခိုင်နှုန်းကျော်လွန်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများ စိုက်ပျိုးရေးနှင့် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်စေရေး အလေးထားဆောင်ရွက်ပေးစေလိုကြောင်း၊ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့်ဆီများ စားသုံးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးခြင်းနှင့် ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့အတွက် ပထမခြေလှမ်းတစ်ခုဖြစ်မည်ဖြစ်ကြောင်း။

ပဲစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲအမျိုးမျိုးအပါအဝင် ကော်ဖီနှင့် ပြောင်းတို့သည်လည်း ကမ္ဘာပေါ်တွင် လိုအပ်ချက်ရှိသည့် သီးနှံများဖြစ်ပြီး ဈေးကွက်လိုအပ်ချက်များ ရှိပြီးဖြစ်ကြောင်း၊ မြန်မာကော်ဖီသည်လည်း ပြည်ပဈေးကွက်ဝင်ပစ္စည်းဖြစ်သဖြင့်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပြုစိုက်ပျိုးထုတ်လုပ်ထားသည့် စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နေကြာ၊ ဆီထွက်သီးနှံများ၊ မီးဖိုချောင်သုံးသီးနှံများ၊ ပန်းပေါင်းစုံပျားရည်များကို ကြည့်ရှုစစ်ဆေးစဉ်။

- ❑ **စိုက်ပျိုးရန်ကျန်ရှိသည့် စိုက်ပျိုးမြေများတွင် ၄ သန်းခန့်အား သီးထပ်စိုက်ပျိုးပြီး တစ်ကေအထွက်နှုန်း ၇၂ ဒသမ ၆၄ တင်းဖြင့် တွက်ချက်မည်ဆိုပါက ၂၈၉ ဒသမ ၅၄ တင်းသန်း ထွက်ရှိမည်ဖြစ်**
- ❑ **တစ်တင်းလျှင် ၁၀၀၀၀ နှုန်းဖြင့် တွက်ချက်ကြည့်မည်ဆိုပါက စပါးတင်းသန်း ၂၉၀ အတွက် ဘီလီယံ ၂၉၀၀ ရရှိပြီး တိုင်းပြည်၏ စီးပွားရေးတိုးတက်လာမည်**
- ❑ **စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုးတက်လာမည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအားများလည်း တက်လာမည်ဖြစ်သဖြင့် နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်**

မြန်မာ့အလင်း ကြာသပတေး၊ မေ ၁၁၊ ၂၀၂၃

**“ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး သုတေသနလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ဆောင်ရွက်သကဲ့သို့ အချို့သောလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း ဆောင်ရွက်သင့်၊ ဒေသနှင့်ကိုက်ညီသည့်သီးနှံ၊ နိုင်ငံအတွက် အဓိကအကျိုးဖြစ်ထွန်းစေမည့် သီးနှံများကို ဦးစားပေးအနေဖြင့် သုတေသနပြုဆောင်ရွက်သွားရန်လို၊ မိမိတို့အနေဖြင့် ထိန်းသိမ်းရမည့် ပေါ်ဆန်းမွှေးကဲ့သို့သော မိမိတို့နိုင်ငံ၏မျိုးရင်းများကို ထိန်းသိမ်းရန်လိုသကဲ့သို့ အထွက်နှုန်းတိုးတက်စေရန်နှင့်အရည်အသွေးများ ပိုမိုတိုးတက်လာအောင် သုတေသနပြုဆောင်ရွက် ”**

*စာမျက်နှာ ၃ မှ*

အောင်မြင်အောင် စိုက်ပျိုးကြရန် လိုကြောင်း၊ အလားတူ ပြောင်းသည်လည်း ပြည်ပဈေးကွက်ရှိပြီးဖြစ်သဖြင့် အဆိုပါသီးနှံများ စိုက်ပျိုးမှုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သီးနှံများ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရေးနည်းလမ်းရှာဖွေဆောင်ရွက်ကြစေလိုကြောင်း။

### စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးရန်လို

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုး ရှိကြောင်း၊ ထိုအထဲတွင်စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် အဓိကကျကြောင်း၊ ရေကိုအကျိုးရှိ ထိရောက်စွာ အသုံးချပြီး စိုက်ပျိုးမည်ဆိုပါက အပင်များရှင်သန်ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မြေဆီမြေလွှာကောင်းမွန်ရေးကိုလည်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့ နိုင်ငံတွင် ဧရာဝတီမြစ်၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်း စသည့် မြစ်ကြီး လေးသွယ်အပြင် အခြားမြစ်ချောင်းများလည်း များစွာရှိကြောင်း၊ မြစ်ရေ များကိုအဟောသိကံမဖြစ်စေဘဲ အကျိုးရှိစွာအသုံးချနိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးအတွက်ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း၊ အနာဂတ်တွင် နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အလားအလာများကို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများအနေဖြင့် တင်ပြစေလိုကြောင်း၊ စပါး စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရန် လိုကြောင်း။

အချို့နေရာများတွင် စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာ ရရှိခြင်းမရှိသည့် အတွက် စိုက်ပျိုးမှုကို ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေကို လုံလောက်စွာ ရရှိအောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်အနီးရှိ စိုက်ပျိုးမြေများကိုလည်း မြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့်လည်း ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ အချို့မြစ်ကြောင်းများတွင် Low Head Dam များ တည်ဆောက်၍ ဆောင်ရွက်နိုင်သည်ကိုတွေ့ရှိရကြောင်း၊ ယခင်သုတေသနပြုလုပ်ထားသည့်နေရာများမှ ရေလိုအပ်ချက်ရှိသည့် အချို့နေရာများကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒွန်တွဲရေကာတာစနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်မှ သွားလာသည့်စနစ်အတွက် အသုံးပြုခြင်းနှင့် တစ်ဖက်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် အဆိုပါလုပ်ငန်းများဆောင်ရွက်သင့်သည့် နေရာများရှိကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများကို ရာသီမရွေး အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ရေကို အဟောသိကံအသုံးပြုခြင်း မရှိစေရေး စာသင်ကျောင်းများမှအစ အသိပညာပေး သင်ကြားပေးရန်လိုကြောင်း၊ ရေကိုစိုက်ပျိုးရေးအတွက် အသုံးပြုရာတွင် ရေပန်းစနစ်၊ အစက်ချစနစ်များဖြင့် အသုံးပြုနိုင်ရေး အသိပညာပေးရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် ရေကိုစနစ်တကျ အသုံးချစေရေး အသိပညာပေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စီးပွားရေးသည် တစ်ဟုန်ထိုးတိုးတက်သွားနိုင်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးစွမ်းအား မြှင့်တင်ခြင်းအားဖြင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် အဓိကထား ဆွေးနွေးပေးနိုင်ရန်ပြောကြားသည်။

### သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဝန်ကြီးချုပ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအတွက် လိုအပ်သည့်စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်သွားမည့် စီမံချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လျာထားစီမံချက်များနှင့် စိုက်ပျိုးရေးစွမ်းအား မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးလှမိုး၊ ဦးသောင်းဟန်နှင့် ဦးမျိုးမြင့်ဦး တို့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးရေ၊ နည်းပညာနှင့် ဈေးကွက်ရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက်ပံ့ပိုးဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေးကဏ္ဍတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေ၊ စိုက်ပျိုးစွမ်းအား မြှင့်တင်ရေးအတွက် ဓာတ်မြေဩဇာများ ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် ဆက်လက်ထုတ်လုပ်ရန် လျာထားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ဆောင်ရွက်ထားရှိမှု၊ ဒေသတွင်း ဝမ်းစာဖူလုံရေးဆောင်ရွက်ထားရှိမှုနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးအတွက် သုတေသနပြုဆောင်ရွက်လျက်ရှိမှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဆည်တမံများအတွင်း ရေဝင်ရောက်မှုနည်းပါးလာခြင်းကြောင့် ရေသုံးစွဲမှုများကို ယာယီရေထိန်းဆည်များ၊ တမံများ ဆောက်လုပ်၍ ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်သူများနှင့် တောင်သူများ ပါဝင်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ရေအလေအလွင့်နည်းပါးစေရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးသီးနှံများ ဖွံ့ဖြိုးတိုးတက်စေရေး သုတေသနပြုဆောင်ရွက်လျက်ရှိမှု၊ လယ်ယာကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များ ပြုစုလျက်ရှိမှု၊ စက်မှုလယ်ယာကဏ္ဍ ဖော်ဆောင်လျက်ရှိမှုနှင့် မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေးအတွက် တောင်သူများ ပါဝင်လာရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြား

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်လိုအပ်သကဲ့သို့ စက်မှုလယ်ယာစနစ်ဖြင့်လည်း ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဧကကွက်များကို ဖော်ထုတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဧကကွက်များ ဖြင့်စိုက်ပျိုးခြင်းဖြင့် ကောက်ကွက်များ ပိုမိုဝင်ဆံ့နိုင်သကဲ့သို့ သီးနှံအထွက်နှုန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူခေတ်မီစက်ကိရိယာများဖြင့် စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် လေလွင့်ဆုံးရှုံးမှုများနည်းပါးသွားမည်ဖြစ်ပြီး စက်မှုလယ်ယာစနစ်ကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်းဖြင့် စိုက်ပျိုးရေး ထွက်ကုန်များကို လွယ်ကူလျင်မြန်စွာဖြင့် ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ လယ်မြေများ ဆုံးရှုံးမှုမရှိစေရေး လယ်ယာမြေများကို အခြားနည်းများဖြင့် အသုံးချခြင်းမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ဧကများတိုးချဲ့ခြင်းထက် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်စေရေး ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် အဓိကကျသော မြေအောက်ရေ ထုတ်ယူသုံးစွဲရေးအတွက် မူဝါဒတိတိကျကျ သတ်မှတ်ရန်လိုကြောင်း၊ သီးနှံများ အထွက်နှုန်းကောင်းမွန်စေရန် သဘာဝမြေဩဇာသို့မဟုတ်ဓာတ်မြေဩဇာ အသုံးပြုရန်လိုအပ်ကြောင်း၊ ဒေသအလိုက် ရရှိနိုင်သည့် သဘာဝမြေဩဇာကို ပြည့်စုံကောင်းမွန်အောင် ပြုပြင်ပြောင်းလဲ ထုတ်လုပ်သုံးစွဲသွားနိုင်ရန်လိုအပ်ကြောင်း၊ နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲတွင် စံပြဖြစ်ရန်လိုအပ်ပါကြောင်း၊ သီးထပ်စွမ်းအားတိုးတက်စေရေး တစ်နှစ်လျှင် နှစ်သီးမှ သုံးသီးအထိ စိုက်ပျိုးရန်၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ရန်နှင့် စိုက်ဧကများ လျော့နည်းသွားမှုမရှိအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဒေသအလိုက် ဝမ်းစာဖူလုံမှုရှိစေရန် ဒေသရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့်သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ထားသည့် စိုက်ပျိုးမြေများတွင် အပြည့်အဝစိုက်ပျိုးမှုရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဒူးရင်းသီးစိုက်ပျိုးမှုနှင့် ပတ်သက်၍လည်း တိုးတက်အောင်ဆောင်ရွက်ရန် လိုသကဲ့သို့ ကိုကိုးများနှင့် အုန်းစိုက်ပျိုးမှုများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်စေလိုကြောင်း၊ ဒေသအလိုက် ထွက်ရှိသည့် ရာသီသီးနှံများသည်လည်း စိုက်ပျိုးရေးတောင်သူများအတွက် ဝင်ငွေများပိုမိုရရှိစေမည်ဖြစ်သဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး နိုင်ငံတော်အနေဖြင့် မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဒေသအလိုက် အစီအစဉ်များဖြင့်လည်း အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ ရော်ဘာများ စိုက်ပျိုးရာတွင်လည်း အထွက်နှုန်းကောင်းမွန်စေရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရော်ဘာအထွက်နှုန်းများ တိုးတက်စေရေးအတွက် စိုက်ပျိုးရာတွင် နည်းစနစ်တကျဖြင့် စိုက်ပျိုးနိုင်ရေး အသိပညာပေးဆောင်ရွက်ရန်လိုကြောင်း၊ ဆီအုန်းများ စိုက်ပျိုးရာတွင်လည်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်လိုကြောင်း။

စိုက်ပျိုးရေနှင့်ပတ်သက်၍ အနိမ့်ဆုံးလိုအပ်ချက်ဖြစ်ရန်လိုကြောင်း၊ ရေပေးဝေမှုနှင့် ပတ်သက်၍ အလေအလွင့်အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ရေသွယ်စနစ်နှင့် ရေဖြန့်စနစ်များကို စနစ်တကျဖြင့်ဆောင်ရွက်၍ ရေကို အကျိုးရှိရှိ အသုံးချကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး သုတေသနလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ဆောင်ရွက်သကဲ့သို့ အချို့သော လုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း ဆောင်ရွက်သင့်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့်သီးနှံ၊ နိုင်ငံအတွက် အဓိကအကျိုးဖြစ်ထွန်းစေမည့် သီးနှံများကို ဦးစားပေးအနေဖြင့် သုတေသနပြုဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့အနေဖြင့် ထိန်းသိမ်းရမည့် ပေါ်ဆန်းမွှေးကဲ့သို့သော မိမိတို့နိုင်ငံ၏ မျိုးရင်းများကို ထိန်းသိမ်းရန်လိုသကဲ့သို့ အထွက်နှုန်းတိုးတက်စေရန်နှင့် အရည်အသွေးများ ပိုမိုတိုးတက်လာအောင် သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ပန်းမန်နှင့် ပတ်သက်၍လည်း မေမြို့ပန်း၊ ဒေလီယာပန်းနှင့် အခြား မိမိတို့နိုင်ငံမှထွက်ရှိသည့် ပန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် သုတေသနပြုထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ လယ်ယာမြေစိုက်ဧကများနှင့် စိုက်ပျိုးသည့် သီးနှံစာရင်းများ မှန်ကန်မှုရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လူသန်း ၁၀၀ အတွက် စိုက်ပျိုးမြေလုံလောက်စွာရှိရန် မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်သဖြင့် လယ်ယာမြေများကို အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် စက်ယန္တရားများကို ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်ပြီး အသုံးပြုနိုင်ရန်လိုကြောင်း၊ စက်သုံးဆီဖြင့် အသုံးပြုသည့် စက်ယန္တရားများရှိသကဲ့သို့ လျှပ်စစ်စွမ်းအားဖြင့် အသုံးပြုနိုင်သည့် စက်ယန္တရားများကိုလည်း အသုံးပြုနိုင်ရေး ရေရှည်မျှော်တွေး

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*
ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များလိုအပ်လျက်ရှိသဖြင့်စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်သူများကို သက်ဆိုင်ရာဘာသာရပ်များအလိုက် အဆင့်မြင့်ပညာများကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆရာ ဆရာမများ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထူးချွန်သူများကိုလည်း ချီးမြှင့်ပေးရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တက်ရောက်လာကြသူများအနေဖြင့် ပြည့်စုံစွာရှင်းလင်းဆွေးနွေးသွားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လိုအပ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်နှင့် သီးထပ်စွမ်းအားများကို မြှင့်တင်အောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးခြင်းနှင့် ဆီထွက်သီးနှံများကိုသာမက မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များစိုက်ပျိုးခြင်းသည်လည်း နိုင်ငံအတွက် ဝင်ငွေကိုပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် နယ်ပယ်ပေါင်းစုံမှ စဉ်းစား၍ ဆောင်ရွက်ကြစေလိုကြောင်း။

သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံ့အကျိုးစီးပွားအတွက် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့ပြည်သူများအနေဖြင့် အသိပညာအားနည်းသည်ကို တွေ့ရှိရကြောင်း၊ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်နေသူများအနေဖြင့်လည်း ပညာရှင်ဆန်ဆန်ရေးသားခြင်း၊ ထုတ်လွှင့်ခြင်းများထက် လူအများနားလည်နိုင်သည့် အသုံးအနှုန်းများဖြင့် ပညာပေးဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံး ပြည့်စုံအောင် ဆောင်ရွက်မှသာ သီးနှံအထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မြေယာပြုပြင်ခြင်းလုပ်ငန်းသည် စိုက်ပျိုးရေးအတွက် အဓိကကျကြောင်း၊ ချောင်း၊ မြောင်းများအတွင်းစီးဆင်းနေသည့် ရေများကိုယာယီရေပိတ်တမံများပြုလုပ်၍ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးချနိုင်ရန်လိုကြောင်း၊ စိုက်နည်းစနစ်မှန်ကန်စေရေးအတွက်ပင်ခြား၊ တန်းခြားများ မှန်ကန်ရန်လိုကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် စိုက်နည်းစနစ်များမှန်ကန်မှသာ အထွက်နှုန်းကောင်းမွန်မည်ဖြစ်ကြောင်း၊ သို့မှသာ အကျိုးအမြတ်များကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ အချက် လေးချက်ကို လိုက်နာပြီး ဆောင်ရွက်မှ မိမိတို့မျှော်မှန်းထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရေခံမြေခံကောင်းများ ရှိပြီးဖြစ်သည့် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များကို ယခင်ကထက် ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပသို့ ပို့ကုန်များ ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံ့စီးပွားများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အစည်းအဝေးတက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနက သုတေသနပြုစိုက်ပျိုးထုတ်လုပ်ထားသည့် စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နေကြာ၊ ဆီထွက်သီးနှံများ၊ မီးဖိုချောင်သုံးသီးနှံများ၊ ပန်းပေါင်းစုံပျားရည်များကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သဘာဝဘေးကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရန် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် မေ ၁၀**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းကြောင့် ရခိုင်ပြည်နယ်အတွင်းမြို့နယ်များသို့ သဘာဝဘေး မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ကူညီကယ်ရေးလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဆေးဝါးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့၊ ကျောက်ဖြူမြို့နှင့် အမ်းမြို့များသို့ တပ်မတော်လေယာဉ်ဖြင့် သယ်ယူပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ပို့ဆောင်ရာတွင် စစ်တွေမြို့သို့ ဆေးဝါးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများဖြစ်သည့် ရေသန့်ဆေးပြားပုံး ၁၇ ပုံး၊ ဆေးပစ္စည်းပုံး သုံးပုံး၊ တစ်ကိုယ်ရေသုံးဆေးပစ္စည်းစုံပုံး ၆၀၊ ရေသန့်စက် ၁၀ ပုံး၊ ရေပုံး(၂၀ လီတာဝင်) ပုံး ၁၀၀၊ ခါတ်ဆားအိတ် ၄၀၊ Body Bag နှစ်ပုံး၊ ကြိုးခွေ လေးထုပ်၊ မိုးကာစ အထုပ် ၂၀ နှင့် ခြောက်ဆွဲခြောက် ၁၃၆ ဖာတို့ကို လည်းကောင်း၊ ကျောက်ဖြူမြို့သို့ ရေသန့်ဆေးပြားပုံး သုံးပုံး၊ ဆေးပစ္စည်းစုံပုံး ငါးပုံး၊ မိုးကာစ အထုပ် ၂၀၊ ကြိုးခွေအထုပ် ၂၀ နှင့် Body Bag နှစ်ပုံးတို့ကို လည်းကောင်း၊ အမ်းမြို့သို့ ရေသန့် ဆေးပြားပုံး သုံးပုံး၊ ဆေးပစ္စည်းစုံပုံး ငါးပုံး၊ မိုးကာစ အထုပ် ၂၀၊ ကြိုးခွေ အထုပ်၂၀ နှင့် Body Bag နှစ်ပုံးတို့ကို လည်းကောင်း ပို့ဆောင်ပေးခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လေဆိပ်၌ လက်ခံရယူခဲ့ကြပြီး **(ယာပုံ)** အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကူညီသယ်ဆောင်ကြပြီး သတ်မှတ်သိုလှောင်ရုံများသို့ ပို့ဆောင်ပေးကြသည်။ အဆိုပါဆေးဝါးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို သက်ဆိုင်ရာမြို့နယ်များသို့ အမြန်ဆုံး ဆက်လက်ဖြန့်ဝေပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ဘူးသီးတောင်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် သတိပြုရှောင်ရှားနိုင်ရန် အသိပညာပေး

**ဘူးသီးတောင် မေ ၁၀**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဘေးန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းပြီး မုန်တိုင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့်လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက်၈ နာရီက ဘူးသီးတောင်မြို့အနောက်ကွင်းဈေးနှင့် လူစည်ကားရာလမ်းဆုံများ၊ ကကျက်ဘက်(ကံပြင်)ကျေးရွာဈေး၊ လူစည်ကားရာနေရာများ တွင်ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အသိပညာပေးဟောပြောရာတွင် လက်ကမ်းစာစောင်တွင်ပါဝင်သည့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် ဘင်္ဂလားပင်လယ်အော်အခြေအနေ၊ မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ထိခိုက်ပျက်စီးမှု လျော့နည်းစေရေး၊ မုန်တိုင်းဘေးအန္တရာယ်ကာကွယ်ဆောင်ရွက်ရမည့်အချက်များ စသည့် အကြောင်းအရာများကို အသိပညာပေးပြောကြားပြီး မုန်တိုင်းဘေးအသိပညာပေး လက်ကမ်းစာစောင်များကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှကျော်(ပြန်/ဆက်)**

## မိုင်းဆတ်မြို့နယ်အတွင်းရှိ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုခံရသည့် မိသားစုများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် မေ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွင်း မေ ၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းခံရသည့် အိမ်ထောင်စုဝင်မိသားစုများကို စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့် လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်းတို့ကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမနှင့် လေဘေးသင့်နေအိမ်များတွင် ဆောင်ရွက်ခဲ့ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လေဘေးသင့်အိမ်ထောင်စုများ တက်ရောက်ကြသည်။

ဦးစွာ မိုင်းဆတ်မြို့ ဝိန်းနေရပ်ကွက်ရှိ ကံ့ကော်မြိုင်ဘုန်းကြီးကျောင်းဝင်းအတွင်း နှစ်ကျိပ်ရှစ်ဆူစေတီတော် ထီးတော်မြေမှုကြောင့် ပြန်လည်ဆောင်ရွက်ရမည့်အခြေအနေများကို တာဝန်ရှိသူများက ဆရာတော်ထံ မေးမြန်းလျှောက်ထား၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လေဘေးသင့်အိမ်ထောင်စု ၁၂ စုနှင့် ရပ်ကွက်၊ ကျေးရွာများရှိ လေဘေးသင့်အိမ်ထောင်စု ငါးစုအား နေရာအရောက်သွားရောက် ထောက်ပံ့ပေးခြင်း၊ စုစုပေါင်းအိမ်ထောင်စု ၁၇ စုတို့ကို နယ်မြေခံတပ်နယ်ရှိ တာဝန်ရှိသူက စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ **(ဝဲပုံ)**



ဆက်လက်၍ တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ လေဘေးသင့် ပြည်သူ ၃၀ ကို လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်ကို စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူလူထုအား နိုင်ငံရေးဝါဒမှိုင်းတိုက်ပြီး နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ဆောင်ရွက်လိုသူများက ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် NUG ၏ လက်ဝေခံဖြစ်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့(PDF) အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများကို ဥပဒေမဲ့ တရားမဝင်ဖွဲ့စည်း၍ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသဖြင့် နိုင်ငံတော်က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများက အပြစ်မဲ့ပြည်သူများကို အကြောက်တရားဖြင့် ဝါဒမှိုင်းတိုက်၍ ဆွဲဆောင်စည်းရုံးကာ အကြမ်းဖက်အဖွဲ့အစည်းများသို့ ဝင်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာဒေသများသို့ စေလွှတ်၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်စေခြင်းတို့ကို လုပ်ဆောင်စေခဲ့ပြီး လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှုများကို လုပ်ဆောင်စေခဲ့ပါသည်။ ၎င်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအမြောက်အမြား အသက်ဆုံးရှုံးခဲ့ကြရပါသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်ပေါ်စေခဲ့ပါသည်။

၃။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏စုပေါင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသောဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှရုန်းထွက်ကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေမှု စသည့်ပြစ်မှုတစ်ခုခု ကျူးလွန်ထားသူဖြစ်ပါက ဥပဒေအရ တရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုအတိုင်းအတာအပေါ်မူတည်၍ ဥပဒေကြောင်းအရ လိုအပ်သည့်ဖြေလျှော့မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက လိုအပ်သည့်ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်နက်/ခဲယမ်းပါရှိလာသူများကို အောက်ပါအတိုင်း ဆုကြေးငွေ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည် –

(က) ရိုင်ဖယ်အုပ်စုဝင်သေနတ် (၁) လက်ပါရှိပါက ကျပ် (၅၀) သိန်း၊

(ခ) ပစ္စတိုအုပ်စုဝင်သေနတ်(၁)လက်ပါရှိပါက ကျပ် (၂၀) သိန်း၊

(ဂ) ပြောင်းချောသေနတ်(၁)လက်ပါရှိပါက ကျပ် (၃၀) သိန်း၊

(ဃ) စိန်ပြောင်း၊ လောင်ချာ၊ အာပီဂျီကဲ့သို့သော လက်နက်များ(၁)လက်ပါရှိပါက ကျပ် (၇၅)သိန်း၊

(င) လက်လုပ်ပြောင်းချောသေနတ်၊ လက်လုပ်စိန်ပြောင်း၊ လက်လုပ်သေနတ် (၁)လက်ပါရှိပါက ကျပ်(၅)သိန်း၊

(စ) လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများပါရှိပါက ကျပ် (၃) သိန်း၊

(ဆ) လက်နက်/ခဲယမ်းမှအပ အခြားအသုံးအဆောင်ပစ္စည်းများ (ဥပမာ– စကားပြောစက်) ပါရှိပါက ကျပ် (၂) သိန်း။

(ဇ) ဗုံးဖောက်ခွဲရေးအတွက် အသုံးပြုနိုင်သော Drone (၁) စင်းပါရှိပါက ကျပ် (၅၀) သိန်း။

၅။ သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပို့၍ ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# (၁၇) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် မေ ၁၀**

ဖိလစ်ပိုင်ရေတပ်က ယနေ့နံနက်ပိုင်းတွင် လက်ခံကျင်းပပြုလုပ်သည့် (၁၇) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (17th ASEAN Navy Chiefs' Meeting – 17th ANCM) သို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Video Conference ဖြင့် တက်ရောက်သည်။ **(ယာပုံ)**



အစည်းအဝေးသို့ အာဆီယံနိုင်ငံ ရေတပ်များမှ ရေတပ်ဦးစီးချုပ်များ၊ လာအိုနိုင်ငံမှ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေး၏ သဘာပတိဖြစ်သူ ဖိလစ်ပိုင်နိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral TORIBIO D ADACI JR PN က (၁၇) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ယခင်နှစ် (၁၆) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးမှတ်တမ်းအား အတည်ပြုကြသည်။ ဆက်လက်၍ ANCM အမြဲတမ်းပူးတွဲအတွင်းဝန်က ဒေသတွင်းပင်လယ်ရေကြောင်း လုံခြုံရေးအခြေအနေများကို အကျဉ်းချုပ် တင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော အာဆီယံရေတပ်ဦးစီးချုပ်များက Synergy at Sea: Regional Cohesion for Peace and Stability (ပင်လယ်ပြင်တွင် စုပေါင်းညှိနှိုင်းဆောင်ရွက်မှုအကျိုးရလဒ်၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ဒေသတွင်းစည်းလုံးမှု) ခေါင်းစဉ်အား နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က အာဆီယံဒေသသည် ရေကြောင်းကုန်သွယ်မှုအတွက် အချက်အချာမဟာဗျူဟာဒေသဖြစ်သဖြင့် အခွင့်အလမ်းနှင့်အတူ စိန်ခေါ်မှုများပါဒွန်တွဲလျက်ရှိကြောင်း၊ ASEAN Centrality သည် များစွာအရေးပါပြီး အာဆီယံရေတပ်များ၏ မတူညီသော အားသာချက်များကိုစုစည်း၍ ထိရောက်စွာ အသုံးပြုရန်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများကို ယုံကြည်မှုတည်ဆောက်ကာ စိန်ခေါ်မှုများကို ကျော်လွှားသွားရမည်ဖြစ်ကြောင်း၊ အာဆီယံသည် အမြဲတမ်း Driving Role မှ ရပ်တည်၍ ပြင်ပစွက်ဖက်မှုများ ကင်းရှင်းစွာဖြင့် လမ်းကြောင်းမှန်ကို ရှေးရှုအကောင်အထည်ဖော်သွားရန် လိုအပ်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားပြီး အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပင်လယ်ရေကြောင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို မြှင့်တင်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် ၂၀၂၂ ခုနှစ်အတွင်း ဘရူနိုင်းရေတပ်က အိမ်ရှင်အဖြစ် ပြုလုပ်ခဲ့သည့် 9th ASEAN Navy Young Officers' Interaction (ANYOI)၊ ထိုင်းရေတပ်က အိမ်ရှင်အဖြစ် ပြုလုပ်ခဲ့သည့် 18th ASEAN Defence Ministers Meeting (ADMM) Plus Experts Working Group on Maritime Security and Tabletop Exercises 2023၊ အင်ဒိုနီးရှားရေတပ်က အိမ်ရှင်အဖြစ် ပြုလုပ်ခဲ့သည့် ASEAN Cadet Seminar၊ ASEAN Cadet Sail and 10th ANYOI 2023 များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး အင်ဒိုနီးရှားရေတပ်မှ အာဆီယံရေတပ်များ၏ လမ်းပြ မြေပုံ (၂၀၂၄–၂၀၃၂)၊ ဖိလစ်ပိုင်ရေတပ်မှ Alternate Conduct of ASEAN Multilateral Naval Exercises (AMNEX) နှင့် ANCM Guidelines for Maritime Interaction (GMI) Workshop and Draft တို့ကို ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် ၂၀၂၃ ခုနှစ်အတွင်း ဆက်လက်ပြုလုပ်သွားမည့် ရေတပ်ဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခန်း အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Navy Chiefs' Meeting– 18th ANCM) အတွက် လျာထားအချိန်ဇယားအား ဆွေးနွေးခြင်းနှင့် မှတ်တမ်းဗီဒီယို ပြသဖိတ်ကြားခြင်းများကို ဆောင်ရွက်သည်။

ဆက်လက်၍ သဘာပတိ ဖိလစ်ပိုင်ရေတပ်ဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၁၀**

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းနေပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများအား လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်

၁။ ယနေ့အချိန်ကာလတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများကြောင့် ပြည်သူလူထုအတွင်း၌ လူပုဂ္ဂိုလ် လုံခြုံရေးကို စိုးရိမ်ကြသည့်အတွက် လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေကာ တရားမဝင်ကိုင်ဆောင်လျက်ရှိကြောင်း ကြားသိနေရပါသည်။ မူလရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်လုံခြုံရေးအတွက်ဖြစ်သော်လည်း လက်နက်ခဲယမ်းများ လက်ဝယ်ရှိနေချိန်တွင် လူ၏စိတ်သည် အချိန်မရွေးပြောင်းလဲသွားနိုင်ပြီး တရားမဝင် ကိုင်ဆောင်ထားခြင်းဖြစ်သဖြင့် တစ်ချိန်ချိန်တွင် တလွဲအသုံးပြုမှုများ ဖြစ်ပေါ်လာနိုင်သည့်အပြင် ဥပဒေနှင့်လည်း ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တရားမဝင်လက်နက်ခဲယမ်း ကိုင်ဆောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် လက်နက်ခဲယမ်းများကို တလွဲအသုံးပြုမှုများ မဖြစ်ပေါ်စေရေးအတွက် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စနစ်တကျလိုင်စင်ထုတ်ပေးရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင်လျှောက်ထားသည့်အခါ လျှောက်ထားသည့် သေနတ်အား မည်သို့မည်ပုံရရှိသည်ကို စစ်ဆေးမေးမြန်းသွားမည်မဟုတ်ဘဲ လျှောက်ထားလိုသည့် လက်နက်ခဲယမ်းနှင့်တကွ အပ်နှံလျှောက်ထားရမည်ဖြစ်ပါသည်။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားမှုအပေါ် လက်နက်ခဲယမ်း ကိုင်ဆောင်ခွင့်မူနှင့်အညီစိစစ်၍ သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ သီးခြားထုတ်ပြန်ပေးမည့် သတ်မှတ်ကာလအတွင်း လက်နက်ခဲယမ်း အပ်နှံ၍ လိုင်စင်လျှောက်ထားခြင်းမရှိပါက ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းသစ်များ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် မြန်မာ့ရုပ်ရှင် အကယ်ဒမီဆုချီးမြှင့်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ



**နေပြည်တော် မေ ၁၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းသစ်များ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် မြန်မာ့ရုပ်ရှင် အကယ်ဒမီဆုချီးမြှင့်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Auditorium ခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "စိန်ရတု အလှမှန် ထာဝရ မြန်မာ့အသံ" အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်မီဒီယာအဖြစ် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ယခင်ကထက် ပိုမိုတိုးတက်ကောင်းမွန်လာပြီး နိုင်ငံတော်အဆင့် အခမ်းအနားများတွင် ရိုက်ကူးထုတ်လွှင့် ပြသရေးအပြင် အခမ်းအနားမှူးများ ပါဝင်ဆောင်ရွက်မှု၊ ဖျော်ဖြေရေး အစီအစဉ်များကိုလည်း အဆင့်အတန်းရှိရှိ တင်ဆက်နိုင်မှုတို့ဖြင့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိလာသည့် ဝန်ထမ်းသစ်များအားလုံးကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ နိုင်ငံတော်မီဒီယာ၏ ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်မည့် ဝန်ထမ်းများ ဖြည့်တင်းနိုင်ခြင်းဖြစ်၍ ခွန်အားသစ်များ ရရှိခြင်းပင်ဖြစ်ကြောင်း၊ ဝန်ထမ်းဖြစ်လာသည်နှင့် ဝန်ထမ်းတစ်ယောက်၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည့်အပြင် ပေးအပ်သော တာဝန်ကိုလည်း ကောင်းမွန် ကျေပွန်စွာ ထမ်းဆောင်ရမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအားလုံး အနေဖြင့် ကိုယ်စီတာဝန်များကို သိရှိနားလည်အောင် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ပြီးပြည့်စုံသည့် အခမ်းအနားတစ်ခုအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယင်းအောင်မြင်မှုသည် မိမိတို့ ဝန်ကြီးဌာနမှ ဝန်ထမ်းအားလုံး၏ ကြိုးစားမှုကြောင့် ဖြစ်ပါကြောင်း၊ ယင်း ဆုပေးပွဲသည် အနုပညာလောကအတွက်လည်း ကြီးမားသည့် အောင်မြင်မှုတစ်ခုဖြစ်ပြီး အနုပညာ လှုပ်ရှားမှုများကို ယခင်ကဲ့သို့ ပုံမှန်ဆောင်ရွက်နိုင်တော့မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနကို သစ်လွင်နုပျိုသည့် ဌာနတစ်ခုဖြစ်စေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်မီဒီယာဖြစ်ပြီး ဂုဏ်သိက္ခာပုံရိပ်မြင့်မားသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဌာနကြီးတွင် ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိကြသည်ကို ဂုဏ်ယူတန်ဖိုးထားကြစေ လိုကြောင်း၊ ဝန်ထမ်းများ တစ်ဦးချင်းစီ၏ လုပ်ငန်းကျွမ်းကျင် တတ်မြောက်မှုနှင့်အတူ ဂုဏ်သိက္ခာ မြင့်မားအောင် ကြိုးစားအားထုတ်ပြီး ဌာန၏ ဂုဏ်၊ နိုင်ငံတော်၏ ပုံရိပ်ကို မြှင့်တင်နိုင်ရန် ကြိုးစားဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရုပ်ရှင် အကယ်ဒမီဆုချီးမြှင့်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူတို့က လက်ခံ ရယူကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "တေးသရုပ်ဖော် တစ်ခန်းရပ်ပြဇာတ်" ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဝန်ထမ်းသစ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "ငြိမ်းချမ်းရေးလက် မြဲမြဲဆက်" အကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းသစ်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အခမ်းအနားတွင် ဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် Training Room သို့ ရောက်ရှိပြီး သတင်းဖတ်ကြားခြင်း၊ အစီအစဉ်တင်ဆက်ခြင်းနှင့် အခမ်းအနားမှူး တာဝန်ထမ်းဆောင်ခြင်း ဆိုင်ရာ သင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Office Canteen ၌ အရာထမ်းများ၊ ဝန်ထမ်းသစ်များနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် News Channel Studio တွင် သတင်းထုတ်လွှင့်နေမှုနှင့် Aircon Chiller တပ်ဆင် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။




ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ လူပျိုဆောင်၊ အပျိုဆောင်နှင့် အိမ်ထောင်သည်လိုင်းခန်းများသို့ သွားရောက်ကာ နေထိုင်စားသောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ် ဆောင်ရွက်သွားရန်နှင့် အိမ်ရာဝင်းအတွင်း သန့်ရှင်းသာယာ လှပစေရေး ပေါင်းစပ် ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းသစ်များအတွက် ဖွင့်လှစ်သည့် စွမ်းရည်မြှင့်တင်ရေး သင်တန်းတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရည်မှန်းချက်၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ရုပ်သံထုတ်လွှင့်မှု လုပ်ငန်းစဉ်များနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပို့ချမည့် ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်ဆိုင်ရာများကို မေ ၈ ရက်မှ ၁၂ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၃၂ ဦးဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက်

၁။ နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၅ ပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်ပါသည်။

၂။ တည်ထောင်ခွင့်ပြုရန် ကျန်ရှိသည့် ၈ ဖွဲ့အနက် **ဝံသာနုပါတီ**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ယင်းပါတီ၏ ပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေပါ ပုံစံ (ဂ) ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် တည်ထောင်ခွင့် လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ရွာမမြောက်ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ် (၇၃၁) တွင် ပါတီရုံးချုပ် တည်ရှိသော **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၉-၅-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ




ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မောင်တောမြို့၌ မုန်တိုင်းဘေးအန္တရာယ်အသိပညာပေးခြင်းဆောင်ရွက်

**မောင်တော မေ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လက်ရှိ ဘင်္ဂလားပင်လယ်အော် အခြေအနေနှင့် ပတ်သက်၍ အားကောင်းသော ဆိုင်ကလုံးမုန်တိုင်း ဖြစ်နိုင်ခြေရှိ၍ မုန်တိုင်း ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ယနေ့နံနက် ၇ နာရီတွင် လူစည်ကားရာနေရာများ၌ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ပြည်သူများ မုန်တိုင်းအန္တရာယ် ကြိုတင် ပြင်ဆင်နိုင်ရေးအတွက် မုန်တိုင်း၏အခြေအနေ၊ ဦးတည်ရွေ့လျားရာ လမ်းကြောင်းနှင့် ရာသီဥတု အခြေအနေများကိုလည်းကောင်း၊ မုန်တိုင်းမဖြစ်ခင် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ မုန်တိုင်း သတိပေးချက်ရလျှင် ဆောင်ရွက်ရန် အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်အချိန်တွင် လိုက်နာရန် ဆောင်ရွက်ရမည့် အချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ၊ ဆောင်ရန် ရှောင်ရန် အချက်များ ပါဝင်သော အသိပညာပေး လက်ကမ်း စာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



# ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-ပဲခူး-တောင်ငူ-ပျဉ်းမနား-မန္တလေး ပြည်ထောင်စု လမ်းမကြီး မိုင်တိုင်အမှတ် (၂၂၃/၁) နှင့် (၂၂၃/၂) ကြားရှိ အရှည်ပေ ၂၁၀ ဆင်သေချောင်း တံတား (ကျောက်ချက်) တစ်လမ်းမောင်း သံပေါင်တံတားဟောင်းနေရာတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၆) မှ ပထမအဆင့် (၄) လမ်းသွား သံကူကွန်ကရစ်နှင့် Plate Girder တံတားအသစ် တိုးချဲ့တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာနှင့် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုပထမအဆင့် (၄) လမ်းသွား တိုးချဲ့တည်ဆောက်နေသည့် တံတားသည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနား မြို့ရှောင်လမ်းနှင့် ရန်ကုန်-ပဲခူး-တောင်ငူ-ပျဉ်းမနား-မန္တလေး ပြည်ထောင်စုလမ်းမကြီးနှင့် ဆုံသည့်နေရာတွင် တည်ရှိကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေး ကောင်းမွန်အောင် တည်ဆောက်ရေး၊ ဖျက်သိမ်းသည့် တံတားအဟောင်းမှရရှိသော သံမဏိသံပေါင် ရက်မများကို စနစ်တကျ ထိန်းသိမ်းထားရှိရန်၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သော လမ်း၊ တံတားလုပ်ငန်းများတွင် ပြန်လည်အသုံးပြုသွားရန်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်အတွက် လုပ်ငန်းခွင်တွင် အသုံးပြုသည့် စက်ယာဉ်ယန္တရားများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန် မှာကြားသည်။

ထို့နောက် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် ယခင်တံတားဟောင်းကမ်းကပ်ခုံနှင့် ရေလယ်တိုင်များ ဖျက်သိမ်းနေမှု၊ တံတားအသစ် Bored Pile လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သံချည်၊ သံကွေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်သို့ လာရောက်ဖူးမြော်ကြည်ညိုကြမည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေးအတွက် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၂၀၃/၄ (အသွားလမ်း) နှင့် မိုင်တိုင်အမှတ် ၂၀၄/၆ (အပြန်လမ်း) တို့တွင် လမ်းလယ်ကျွန်းဖြတ်သည့် U Turn နှင့် လမ်းညွှန်အမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်များ ဆောင်ရွက်ထားရှိမှု၊ မိုင်တိုင်အမှတ် ၂၀၃/၆ မှ ၂၀၄/၃ အထိ (အသွားလမ်း) မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အဝင်/အထွက် နေရာတွင် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် လက်ရှိ (၂) လမ်းသွား ကွန်ကရစ်လမ်းမှ (၄) လမ်းသွား ကွန်ကရစ်လမ်းတိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်သည့် ဗုဒ္ဓဥယျာဉ်သို့ အဝင်/အထွက် ပြုလုပ်နိုင်သည့် လမ်းအရှည် ၃၀၈၄ ပေ၊ (၄) လမ်းသွား ကတ္တရာ ကွန်ကရစ် (AC) ခင်းပြီးမှု၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲ / ယာ သစ်ပင်များ၊ ပန်းအလှပင်များ စိမ်းလန်းစိုပြည်စွာစိုက်ပျိုးထားရှိမှု၊ လမ်းအသုံးပြုခကောက်ခံမည့် Mini Toll Gate နှင့် လုံခြုံရေးအတွက် စစ်ဆေးရေးဂိတ်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးကုတ်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ကျောင်းအပ်နှံရေး ဆိုင်းဘုတ်တင် အခမ်းအနားကျင်းပ

**မိုးကုတ် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေး ဆိုင်းဘုတ်တင်အခမ်းအနားကို မေ ၈ ရက်က မိုးကုတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်သူရွှေနှင့် မြို့နယ်ပညာရေးမှူး ဒေါ်မူမူဆွေက ကျောင်းအပ်နှံရေး ဆိုင်းဘုတ်ကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်း မြို့နယ်ပညာရေးဦးစီးဌာနမှ သိရသည်။

**ဇော်ဘီ**



# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ မုန်တိုင်းဘေး တုံ့ပြန်ရေးလုပ်ငန်းများ မြန်ဆန်ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၀**

မုန်တိုင်းဘေး အရေးပေါ်တုံ့ပြန်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Centre–DMC)နှင့် တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်(၁)၊ တိုင်းဒေသကြီး/ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆောင်ရွက်ရမည့်လုပ်ငန်းများချမှတ်

ရှေးဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ ၁၁ နာရီခွဲအချိန် ထုတ်ပြန်ချက်အရ မုန်တိုင်းငယ်အဆင့်မှ အားကောင်းသော မုန်တိုင်းငယ်အဖြစ်ရောက်ရှိနေပြီး မေ ၁၂ ရက် နံနက်ပိုင်းတွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ မေ ၆ ရက်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အရေးပေါ်အစည်းအဝေးကျင်းပခဲ့ပြီး အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ချမှတ်ခဲ့ပါကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်အရ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) ကို မေ ၈ ရက် ညနေ ၃ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ စတင်ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းကော်မတီ ၁၂ ခုမှ ကိုယ်စားလှယ်များ (၂၄)နာရီ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ DMC တွင် နေ့စဉ် ညနေ ၃ နာရီ၌ အစည်းအဝေးပြုလုပ်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆုံးဖြတ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ကြောင်း၊ DMC နှင့် တိုင်းဒေသကြီး/ပြည်နယ်များ ဆက်သွယ်ရာတွင် သတင်းအချက်အလက်များ မြန်ဆန်စွာရရှိရေး အရေးကြီးပါကြောင်း၊ ပြည်ထောင်စုတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန ဖွင့်လှစ်ထားရှိသကဲ့သို့ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း တိုင်းဒေသကြီး/ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနများ ဖွင့်လှစ်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနများ (၂၄)နာရီ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် ဆက်သွယ်မှုကွန်ရက်ထူထောင်ထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို မြန်ဆန်ထိရောက်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေ၊ တည်မြဲအမိန့် (၂၀၂၂)တို့ကိုလည်း ရည်ညွှန်းကိုးကားဆောင်ရွက်ရန် လိုကြောင်း ဆွေးနွေးပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ မေ ၆ ရက်က ပြုလုပ်သည့် အမျိုးသားကော်မတီ အရေးပေါ်အစည်းအဝေးဆုံးဖြတ်ချက် (၁၉)ချက်၊ DMC တွင် ပြုလုပ်သည့် မေ ၈ ရက် အစည်းအဝေးဆုံးဖြတ်ချက် (၁၅) ချက်နှင့် မေ ၉ ရက် အစည်းအဝေးဆုံးဖြတ်ချက် (၁၇)ချက်တို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC) အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး စိုးမြင့်အောင် က DMC နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆက်သွယ်ဆောင်ရွက်မှု၊ သတင်းအချက်အလက်များ ကောက်ယူမည့်ပုံစံ သတ်မှတ်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

### ကြိုတင်ဆောင်ရွက်ထား

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်သည့် နေပြည်တော်ကောင်စီအဖွဲ့ဝင် (၁) နှင့် တိုင်းဒေသကြီး/ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ရုံးများ ဖွင့်လှစ်ဆောင်ရွက်နေမှု၊ အရေးပေါ်အစည်းအဝေးများ ပြုလုပ်မှု၊ ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးအတွက် ကြိုတင်စီမံထားရှိမှု၊ အရေးပေါ်စားရေရိက္ခာများ ကြိုတင်စုစည်းထားရှိမှု၊ အရေးပေါ်ထပ်မံဝယ်ယူရန် လိုအပ်မည်ဆိုပါက ရရှိနိုင်ရေးဒေသရှိ ကုန်သည်ကြီးများနှင့် ကြိုတင်ချိတ်ဆက်ထားရှိမှု၊ အရေးပေါ် ခိုလှုံရန်နေရာများ ကြိုတင်ရွေးချယ်ထားရှိမှု၊ အရေးပေါ် ရွှေ့ပြောင်းရေးစီစဉ်ထားရှိမှု၊ ယာဉ်/စက်ယန္တရားများ၊ စက်သုံးဆီများ အသင့်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ မိမိ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် မုန်တိုင်းဘေး မကျရောက်ခဲ့သော်လည်း လိုအပ်ပါက အခြားဘေးသင့်ဒေသများသို့ အင်အားဖြည့်ဆည်းပူးပေါင်းပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီး / ပြည်နယ်အတွင်း ဌာနဆိုင်ရာများအပြင် ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံထားရှိမှု၊ ပြန်လည်ထူထောင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။ **သတင်းစဉ်**

---

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်း အားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်နိုင်သည့်အခြေအနေ ရှိနေသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေး ဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များအား ဇာတ်တိုက်လေ့ကျင့်ခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ မိုင်းပန်မြို့၊ မိုင်းနောင်မြို့နှင့် မိုင်းရှူးမြို့တို့ရှိ မြို့နယ် အားကစားကွင်းများ၌ လည်းကောင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ် ကျေးတောပိုက်ဆိပ်ကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်း၌ လည်းကောင်း အသီးသီးစုဖွဲ့၍ နယ်မြေခံ တပ်မတော်သားများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ကြသည်။ ယင်းသို့ ဇာတ်တိုက်လေ့ကျင့်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့ပြင် သဘာဝဘေး အန္တရာယ် ကျရောက်လာပါက ဒေသခံပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အခြားအထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ မုန်တိုင်းဒဏ်ခံ ကာကွယ်ရေး အဆောက်အဦ (Cyclone Shelter) များ ပြင်ဆင်ထားရှိခြင်း၊ ရိက္ခာအမယ် ငါးမျိုးနှင့် သောက်သုံးရေ လုံလောက်စွာရရှိရန် ဆောင်ရွက်ထားရှိခြင်းတို့ကို သက်ဆိုင်ရာ နယ်မြေအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြင်ဆင်စုဖွဲ့ဆောင်ရွက်ထားရှိမှုများ၊ ယာဉ်/စက်ကိရိယာများ အသင့်စုဖွဲ့ပြင်ဆင်ထားမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

ထို့ပြင် ချင်းပြည်နယ်အတွင်း သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် က အမှာစကားပြောကြားပြီး အစည်းအဝေးတက်ရောက်လာ သူများ၏ ဆွေးနွေးတင်ပြမှုများ အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့နယ် ကျေးတောပိုက်ဆိပ်ကျေးရွာ၌ မုန်တိုင်းဘေးအန္တရာယ်သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်နေမှုအား ကြည့်ရှုအားပေး

**စစ်တွေ မေ ၁၀**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဦးဆောင်မှုနှင့် စစ်တွေခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လေ့ကျင့်သော မုန်တိုင်းဘေးအန္တရာယ် သဏ္ဌာန်တူသရုပ်ပြလေ့ကျင့်နေမှုကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ် ကျေးတောပိုက်ဆိပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းစုရပ်၌ ပြုလုပ်ရာ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ (ယာပုံ)

ဦးစွာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများက ကျေးရွာသူ ကျေးရွာသားများအား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သော မိုးလေဝသ သတင်းအခြေအနေများကို စဉ်ဆက်မပြတ် နားထောင်ရန် အသိပေးကြေညာခြင်း၊ မုန်တိုင်းသည် ပိုမိုအားကောင်းလာပြီး လိမ္မော်ရောင်မှ အနီရောင်အဆင့်သို့ ပြောင်းလဲသွားသည်ဟု သတင်းရရှိမှုကြောင့် ကျေးတောပိုက်ဆိပ်ကျေးရွာအတွင်း တည်ဆောက်ထားသည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံသို့ ပြောင်းရွှေ့ကြရန် ကြေညာခြင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကူညီရွှေ့ပြောင်းပေးခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသည်တို့ကို ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၊ ကျေးရွာသူ ကျေးရွာသားများက မုန်တိုင်းဘေးအန္တရာယ် သဏ္ဌာန်တူသရုပ်ပြလေ့ကျင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မိမိတို့ဌာနဆိုင်ရာများသည် ပြည်သူများကို ဝန်ဆောင်မှုပေးနေကြသူများဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်မည့် အန္တရာယ်များကို ပြည်သူများနှင့်အတူ ထဲထဲဝင်ဝင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးက သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အရေးပေါ်တုံ့ပြန် ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က သရုပ်ပြလေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ကြသူများအတွက် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျေးရွာတွင် အသင့်ပြင်ဆင်ထားသည့် ယာယီခိုလှုံရာ အဆောက်အအုံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)၏ မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရေးအတွက် ဂြိုဟ်တုစနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ရွေ့လျားဆက်သွယ်ရေးယာဉ် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။





ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ်များသို့ သဘာဝဘေးမုန်တိုင်းအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် လုပ်ငန်းကော်မတီများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်များရှိ နယ်မြေခံတပ်မတော်သားများ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် အသင့်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများမှ ပြည်သူများ ယာယီခိုလှုံနေထိုင်ရန်အတွက် ဆိုင်ကလုန်းရှယ်တာအဆောက်အအုံများ၊ ယာယီခိုလှုံရာစခန်းများ အသင့်သတ်မှတ်ဆောင်ရွက်ထားရှိကာ လတ်တလော နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စားရေရိက္ခာများ၊ လူသုံးကုန်ပစ္စည်းများ အသင့်သိုလှောင် စုပုံထားရှိကြောင်းနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်၊ ရေယာဉ်များအသင့်ပြင်ဆင် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၁၀**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော် (ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော် (လေ) က အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော် (ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၃၀၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၆၁ ဦး၊ ကျောက်ဖြူမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၅၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော် (ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။






အလားတူ တပ်မတော်(လေ)က မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်နှင့် မြေပြင်အတတ်သင် လေတပ်စခန်း ဌာနချုပ်တို့၌ သင်တန်းစခန်း ၁၇ ခုတို့မှ စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိသော အခြေခံလေကြောင်းလူငယ် သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ် သင်တန်း (အငယ်တန်းအဆင့်) သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့သည် ယနေ့တွင် လေယာဉ်မောင်းသင်ကျောင်းရှိ Flight Line နှင့် လေကြောင်းထိန်းဌာနတို့တွင် တပ်မတော်(လေ)၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ကြပြီး RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ ရဟတ်ယာဉ်/ Drone များ လေ့ကျင့်ပျံသန်းခြင်းတို့ကို သက်ဆိုင်ရာ နည်းပြများ၏ ကြီးကြပ်မှုဖြင့် လေ့ကျင့်သင်ကြားခဲ့ကြသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသောမုန်တိုင်းငယ် ဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မီးသတ်ဦးစီးဌာနမှ မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အရေးပေါ် ပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီး၌ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၊ ပေါင်းတည်မြို့နယ်၊ သဲကုန်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်တို့ရှိ မီးသတ်စခန်းလေးခုတို့တွင် လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ ဘီးလင်းမြို့နယ်၊ မော်လမြိုင်မြို့နယ်၊ မုဒုံမြို့နယ်၊ ရေးမြို့နယ်၊ သံဖြူဇရပ်မြို့နယ်တို့ရှိ မီးသတ်စခန်း ၁၀ ခုတို့တွင် လည်းကောင်း၊ တနင်္သာရီတိုင်း



မော်လမြိုင်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်ရေးလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ထားစဉ်။



ရွှေတောင်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်ရေးလုပ်ငန်း သရုပ်ပြဆောင်ရွက်စဉ်။

ဒေသကြီး ပုလောမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ လောင်းလုံးမြို့နယ်၊ သရက်ချောင်းမြို့နယ်တို့ရှိ မီးသတ်စခန်းလေးခုတို့တွင် လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် စစ်တွေမြို့နယ်တို့ရှိ မီးသတ်စခန်း နှစ်ခုတို့တွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ မီးသတ်စခန်း နှစ်ခုတို့တွင် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့ရှိ မီးသတ်စခန်း နှစ်ခုတို့တွင် လည်းကောင်း မုန်တိုင်းဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အရေးပေါ် ပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် အသင့်ကြိုတင်ပြင်ဆင် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များအလိုက် ပြည်သူများအနေဖြင့် မုန်တိုင်းဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ *ကျော့ဖုံးမှ*

အနောက်တောင်ဘက် ရေမိုင် (၅၂၀) မိုင်ခန့်၊ စစ်တွေမြို့၏ တောင်–အနောက်တောင်ဘက် ရေမိုင် (၆၉၅)မိုင်ခန့်၊ အိန္ဒိယနိုင်ငံ၊ နီကိုးဘားကျွန်း၏ အနောက်–အနောက်မြောက်ဘက် ရေမိုင် (၃၅၀) မိုင်ခန့်၊ ပို့ပလဲယား၏ အနောက်တောင်ဘက် ရေမိုင် (၂၉၀) မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားမြို့၏ တောင်–အနောက်တောင်ဘက် ရေမိုင် (၇၃၀)မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်–မြန်မာကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် (၁၇:၃၀)နာရီအချိန်တွင် မြောက်လတ္တီကျု (၉.၅) ဒီဂရီနှင့် အရှေ့လောင်ဂျီကျု (၈၈.၃) ဒီဂရီတွင်ရှိပြီး၊ ဗဟိုချက်လေဖိအား (၁၀၀၀) ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် (၃၅)မိုင်မှ မိုင်(၄၀)နှုန်းခန့် ဖြစ်ပါသည်။

**နောက်(၄)ရက်အတွင်း ခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး နောက်(၆)နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ (၁၁.၅.၂၀၂၃)ရက် နံနက်ပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း၊ (၁၂.၅.၂၀၂၃)ရက် နံနက်ပိုင်းတွင် မြောက်–အရှေ့မြောက်ဘက်သို့ တဖြည်းဖြည်းကွေ့ကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်။ ထို့နောက် (၁၃.၅.၂၀၂၃)ရက် ညနေပိုင်းတွင် အားအနည်းငယ်လျော့သွားနိုင်ပြီး (၁၄.၅.၂၀၂၃)ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် မြန်မာနိုင်ငံ၊ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းကမ်းခြေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ၊ ကျောက်ဖြူမြို့တို့ကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် (၁၁.၅.၂၀၂၃) ရက်မှ (၁၅.၅.၂၀၂၃)ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ သို့ဖြစ်ပါ၍ ယနေ့ညမှ (၁၁.၅.၂၀၂၃) ရက်အတွင်း မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် (၃၅)မိုင်မှ မိုင်(၄၀) ခန့်အထိ တိုက်ခတ်နိုင်ပြီး (၁၂.၅.၂၀၂၃)ရက်မှ (၁၄.၅.၂၀၂၃) ရက်အတွင်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၇၀)မှ မိုင်(၈၀)ခန့်အထိ တိုက်ခတ်နိုင်သည်။ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၄၀)မှ (၄၅)မိုင်ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

**အကြံပြုချက်**

အဆိုပါဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

---



## အမ်းမြို့နယ်၌ နှံစပါးစံကွက်ရိတ်သိမ်း

**အမ်း မေ ၁၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ် အောက်ရွာကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူ ဦးဇော်မျိုးထက်တို့ ပူးပေါင်းဆောင်ရွက်ထားသော လယ် ၁၀ ဧကတွင် စိုက်ပျိုးသည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို မေ ၉ ရက်က ဆောင်ရွက်ခဲ့သည်။

စံကွက် ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းဇော်က အမ်းမြို့နယ်အတွင်း မိုးစပါး၊ နွေစပါး ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ တောင်သူများအတွက် အကျိုးရှိနိုင်မည့် စံပြလယ်ယာစနစ်များ ဖော်ဆောင်ပေးနိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ ပူးပေါင်း၍ နွေစပါးစံကွက်အား ရိတ်သိမ်းခဲ့ရာ ကောင်းအဆင့် စံကွက် ၁ ဧက ပျမ်းမျှအထွက်နှုန်းမှာ ၁၂၈ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**စိုးမင်းထွန်း(ပြန်/ဆက်)**

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၃-၂၀၂၄ ပညာသင်နှစ်”
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- **မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။**
- **ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။**
- **အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။**
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

**ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့**

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၃-၂၀၂၄ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- **မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။**
- **ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။**
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- **ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။**
- **ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။**
- မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာဆိုင်းဘုတ်စိုက်ထူ

**မကွေး မေ ၁၀**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ကျောင်းအပ်နှံရေး သီတင်းပတ် ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို မေ ၉ ရက်က တိုင်းဒေသကြီးပညာရေးမှူးရုံးရှေ့၌ ကျင်းပသည်။




အခမ်းအနားတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့ ဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ **(ယာပုံ)**

ကျောင်းအပ်နှံရေးသီတင်းပတ်အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား မေ ၂၃ ရက်မှ မေ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးလက်ခံဆောင်ရွက်မည်ဖြစ်ပြီး ကျောင်းအပ်နှံရေးကာလအတွင်း အတန်းအားလုံး ကျောင်းအပ်နှံကြရန်၊ ကျောင်းနေအရွယ် ကလေးငယ်တိုင်း အခြေခံပညာသင်ယူခွင့်ရရန်၊ ကျောင်းအပ်နှံရေး အခွင့်အလမ်းများရရှိပြီး ကျောင်းတက်နှုန်း မြင့်မားလာစေရန်၊ အခမဲ့ပညာရေးစနစ် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျောင်းအပ်နှံရာတွင် ကျောင်းသားအားလုံးကို မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်းမရှိဘဲ ကျောင်းသုံးပြဋ္ဌာန်း စာအုပ်၊ စာရေးကိရိယာများ၊ ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံတစ်စုံစီ အခမဲ့ထောက်ပံ့ပေးမည်ဖြစ်သည်။

**မောင်ညီညာ**

# လေးမျက်နှာမြို့နယ်၌ ကျောင်းအပ်နှံရေးလှုပ်ရှားမှု ဆိုင်းဘုတ်စိုက်ထူ

**လေးမျက်နှာ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဗိုလ်ချုပ်လမ်းဆုံ၌ ကျောင်းအပ်နှံရေးလှုပ်ရှားမှု ဆိုင်းဘုတ်ကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ပညာရေးဝန်ထမ်းများ ပူးပေါင်းစိုက်ထူသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးသိန်းဆိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲရင့်နောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ငွေဌေးတို့က အမွှေးနံ့သာများပက်ဖျန်း၍ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးခဲ့သည်။ ဆိုင်းဘုတ်တွင် ကျောင်းနေအရွယ် ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့ ဆောင်ပုဒ်ပါရှိပြီး တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို မေ ၂၃ ရက်မှ မေ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ထားသည်။ ပညာရေးဝန်ကြီးဌာနမှ ကျောင်းအပ်နှံရေးနေ့တွင် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ အခမဲ့ပေးဝေမည်ဖြစ်ကာ အခြေခံပညာ ကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကြံခင်းမြို့၌ အခြေခံပညာကျောင်း ၁၂၄ ကျောင်း ဖွင့်လှစ်မည်

**ကြံခင်း မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆိုင်းဘုတ်စိုက်ထူပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံးရှေ့၌ စိုက်ထူဆောင်ရွက်ကြသည်။

**ဆိုင်းဘုတ်စိုက်ထူ**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပညာရေးမှူး ဒေါ်ဌေးဌေး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇေမင်းထွန်းနှင့် ပညာရေးဌာနမှတာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၏ ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးစေဖို့ ကျောင်းအမြန်အပ်နှံစို့ ကျောင်းအပ်နှံရေးဆိုင်းဘုတ်ကို စုပေါင်းစိုက်ထူကြသည်။

**၁၂၄ ကျောင်း ဖွင့်လှစ်**

ကြံခင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၂၂ ကျောင်းနှင့် ဘုန်းတော်ကြီး စာသင်ကျောင်းနှစ်ကျောင်းအပါအဝင် အခြေခံပညာကျောင်းပေါင်း ၁၂၄ ကျောင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပန်းတောင်းမြို့နယ် အ.ထ.က (ပန်းတောင်း) ကျောင်းရှေ့ သိပ္ပံလမ်းဆုံနေရာ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် ဆိုင်းဘုတ်စိုက်ထူပွဲကို မေ ၉ ရက်က ကျင်းပရာ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဒန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**မြို့နယ်(ပြန်/ဆက်)**



# ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် မေ ၁၀**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်းသင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့်ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။ ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နယ်မြေခံသင်တန်းကျောင်းခန်းမ၌ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှတာဝန်ရှိသူတစ်ဦးက အမှာစကား ပြောကြားသည်။ ထို့နောက် အလင်းဝင်ရောက်လာသူများက ၎င်းတို့နှင့်အတူ ပါရှိလာသော BAREDDA အမျိုးအစား ပစ္စတို တစ်လက်၊ လက်လုပ်ပစ္စတို နှစ်လက်နှင့် ခဲယမ်းများအား အပ်နှံကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ထောက်ပံ့ငွေများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား သုံးဦး၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများ ပါရှိသူများကိုလည်း ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## PDF အမည်ခံ အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ရမ်းသန်းပစ်ခတ်ပြီး လူနေအိမ်များအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးကာ လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ အမျိုးသားငါးဦး သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကာ လူနေအိမ်ခုနစ်လုံး မီးလောင်ပျက်စီးဆုံးရှုံး

**နေပြည်တော် မေ ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အကြမ်းဖက်မှုကို လိုလားသည့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သားပြည်သူများ နေရာထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၉ ရက် နံနက် ၅ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအနီးမူးဘောင်လမ်းမှနေ၍ လက်လုပ်စိန်ပြောင်းများဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ကျေးရွာအတွင်းသို့ ဝင်ရောက်လာကာ လူနေအိမ်များအား မီးရှို့ဖျက်ဆီး၍ ကျေးရွာနေ အပြစ်မဲ့အရပ်သားပြည်သူများကို လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကောင်းထက်ဇင်၏ နေအိမ်ပါ လူနေအိမ် ခုနစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး အဆိုပါကျေးရွာနေ အပြစ်မဲ့အမျိုးသား ငါးဦးတွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး အမျိုးသမီး တစ်ဦးတွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့၍ ဆေးကုသနိုင်ရေး ရွှေဘိုခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ရမ်းသန်းပစ်ခတ်ပြီး ကျေးရွာအတွင်းရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးကာ ကျေးရွာနေပြည်သူများအား ပစ်ခတ်သတ်ဖြတ်သွားခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ပန်းငွေ(ခ)ပန်းဝေသည် ၎င်းအသုံးပြုသည့် “Pan Wai”Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ချမ်းမြသာစည်မြောက်ရပ်ကွက်နေ အောင်ဖြိုးလှိုင် (ခ) ဖိုးချွန်သည် ၎င်းအသုံးပြုသည့် “Aung Phyo Hlaing” Facebook အကောင့်၊ အောင်မြေသာစံမြို့နယ် အမရဌာနီရပ်ကွက်နေ မြင့်ရှိန်သည် ၎င်းအသုံးပြုသည့် “Myint Shein” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ စိုးသူရိန် သည် ၎င်းအသုံးပြုသည့် “Sandar Soe” Facebook အကောင့်တို့ဖြင့် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၄ ဦး တွေ့ရှိ

### ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၂၇) ရာခိုင်နှုန်းရှိ

**(၁၀-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၁၉၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၅၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၂၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၄၇၃,၃၁၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၆,၆၄၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၅၁၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၃) ဦး ရှိပြီ ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဘီလိယက်နှင့်စနူကာ အားကစားနည်းမှ ရွှေတံဆိပ် တစ်ခုနှင့် ခြင်းလုံးအားကစားနည်းမှ ရွှေတံဆိပ် နှစ်ခု ထပ်မံဆွတ်ခူးရရှိ

**နေပြည်တော် မေ ၁၀**

ကမ္ဘောဒီးယားနိုင်ငံ AEON HALL, AEON MALL SEN SOK ၌ မေ ၉ ရက်က ကျင်းပသည့် ဘီလိယက်နှင့် စနူကာ အားကစားနည်း (English Billiards Singles) အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၌ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယား နိုင်ငံတို့ ဝင်ရောက် ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံမှ ဦးပေါက်စသည် ကမ္ဘာ့ဘီလိယက် ချန်ပီယံပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ဆုနှင့် အရှေ့တောင် အာရှအားကစား ပြိုင်ပွဲများတွင် ရွှေတံဆိပ်ခြောက်ဆုရရှိထားသော စင်ကာပူနိုင်ငံသား Mr. Peter GilChrist ကို (၃-၀) ဖြင့် အနိုင်ရရှိခဲ့ပြီး ပထမ (ရွှေတံဆိပ်ဆု) ကိုလည်းကောင်း၊ 6 Red Snooker Singles (အမျိုးသား) တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်ဟိန်းလွင်မိုးက တတိယ (ကြေးတံဆိပ်ဆု) ကိုလည်းကောင်း ရရှိသည်။

ထို့ပြင် ဖနောင်ပင်မြို့ Basketball Hall NSTC ၌ ကျင်းပသည့် (အမျိုးသား/ အမျိုးသမီး) ခြင်းလုံးအားကစားပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (Event- 4) ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ မောင်မင်းသစ္စာအောင်၊ မောင်ခန့်ဝင်းဟိန်း၊ မောင်ဝေယံဖြိုး၊ မောင်ရဝေအောင်၊ မောင်ဇော်လင်းမောင်၊ မောင်ကောင်းမြတ်သီဟ၊ မောင်မင်းခန့်ဝင်းနှင့် မောင်စူဝံကျော်တို့အတွဲက ရမှတ် ၉၃ မှတ်ဖြင့် ပထမ (ရွှေတံဆိပ်ဆု) ကိုလည်းကောင်း၊ ဒုတိယ (ငွေတံဆိပ်ဆု)ကို လာအိုနိုင်ငံကလည်းကောင်း၊ ပူးတွဲတတိယ (ကြေးတံဆိပ်ဆု) ကို ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံကလည်းကောင်း၊ အမျိုးသမီး (Event- 4) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မအေးအေးသန့်(ခ)မစာဥ၊ မမေဖူးဟန်၊ မသဲသဲ၊ မယဉ်မင်းသွယ်၊ မစုတွယ်တာ၊ မခိုင်ခိုင်၊ မတင်နီလာဝင်းနှင့် မမှုံနံ့သာတို့အတွဲက ရမှတ် (၁၀၁) မှတ်ဖြင့် ပထမ (ရွှေတံဆိပ်ဆု)ကို လည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်ဆု)ကို ထိုင်းနိုင်ငံက လည်းကောင်း၊ တတိယ (ကြေးတံဆိပ်ဆု) ကို ကမ္ဘောဒီးယားနိုင်ငံကလည်းကောင်း ရရှိကြသည်။

ခြင်းလုံးအားကစားပြိုင်ပွဲများ အပြီးတွင် မြန်မာနိုင်ငံမှ ခြင်းလုံး အမျိုးသား အားကစားအဖွဲ့က



မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းကို သရုပ်ပြသ၍ အလှပြ ခြင်းလုံးခတ် ကစားခဲ့ကြပြီးနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ Chroy Changvar Convention Centre, Hall (F) ၌ ကျင်းပသည့် ဗိုဗီနမ် (အမျိုးသား/ အမျိုးသမီး) အားကစားပြိုင်ပွဲ ပွဲစဉ်များ၌ အမျိုးသမီး(၅၀)ကီလိုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မနှင်းသက်ဝေက ဒုတိယ (ငွေတံဆိပ်ဆု)၊ အမျိုးသမီး ဓားမြှောင်အတိုက်အပြပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မအိန္ဒြေဖူးနှင့် မမေဟန်နီအောင်လွင် တို့အတွဲက တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသမီး(၂) ယောက်တွဲ ဓားရှည်အတိုက်အပြ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မစုဝတီဌေးနှင့် မအိန္ဒြေဖူးတို့အတွဲက တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသမီး ဓားမြှောင်နှစ်လက် အပြပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မခိုင်ဝါဖူးက တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသား လေးယောက်တွဲ လက်နက်ပါ အပြ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်မနားကြီး၊ မောင်အိုက်စိုးလင်း၊ မောင်မျိုးထက်ဇော်၊ မောင်ထွန်းဝင်းနိုင်တို့ အတွဲက တတိယ (ကြေးတံဆိပ်ဆု)တို့ကို ရရှိကြသည်။

မေ ၉ ရက် ပြိုင်ပွဲ ပွဲစဉ်များ အဖြစ် စစ်တုရင်၊ ဗိုဗီနမ်၊ တင်းနစ်၊ ခြင်းလုံး၊ ကြက်တောင်၊ ဘီလိယက်၊ ဘော်လီဘော၊ ခွန်ခမာ၊ ခရစ်ကက်၊ ဘောလုံး၊ လက်ဝှေ့နှင့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံမှ ဝင်ရောက် ယှဉ်ပြိုင်ကစားခဲ့ရာ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် ငါးခု ထပ်မံရရှိကြသည်။

မေ ၁၀ ရက် ပြိုင်ပွဲ ပွဲစဉ်များ အဖြစ် ပီတန်း၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ တင်းနစ်၊ ဘီလိယက်၊ လက်ဝှေ့၊ ခွန်ခမာ၊ ဘော်လီဘော၊ ဘောလုံး၊ ပြေးခုန်ပစ်နှင့် ခရစ်ကက် အားကစားနည်းများတွင် မြန်မာနိုင်ငံမှ ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြောင်းနှင့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ယနေ့အထိ မြန်မာနိုင်ငံမှ ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ရှစ်ခုနှင့် ကြေးတံဆိပ် ၂၈ ခု စုစုပေါင်း ဆုတံဆိပ် ၄၇ ခု ဆွတ်ခူးရရှိထားပြီးဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ မြန်မာအားကစား အဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှု အားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၀ - ၅ - ၂၀၂၃

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၅၀ | ၅၀ | ၆၁ | ၁၆၁ |
| ၂ | ကမ္ဘောဒီးယား | ၄၇ | ၄၁ | ၅၁ | ၁၃၉ |
| ၃ | ထိုင်း | ၄၇ | ၃၆ | ၅၃ | ၁၃၆ |
| ၄ | အင်ဒိုနီးရှား | ၃၅ | ၃၂ | ၅၆ | ၁၂၃ |
| ၅ | စင်ကာပူ | ၂၇ | ၂၃ | ၂၅ | ၇၅ |
| ၆ | ဖိလစ်ပိုင် | ၂၆ | ၄၄ | ၅၆ | ၁၂၆ |
| ၇ | မလေးရှား | ၂၁ | ၂၂ | ၄၂ | ၈၅ |
| ၈ | မြန်မာ | ၁၄ | ၁၁ | ၃၁ | ၅၆ |
| ၉ | လာအို | ၅ | ၁၁ | ၃၅ | ၅၁ |
| ၁၀ | ဘရူနိုင်း | ၁ | ၁ | ၄ | ၆ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

ကျော်လင်း-စုစည်းသည်

## (၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးအသင်း အုပ်စု (က) ရပ်တည်မှု

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | အရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | အင်ဒိုနီးရှား | ၄ | ၄ | ၀ | ၀ | ၁၂ |
| ၂ | မြန်မာ | ၄ | ၃ | ၀ | ၁ | ၉ |
| ၃ | ကမ္ဘောဒီးယား | ၄ | ၁ | ၁ | ၂ | ၄ |
| ၄ | တီမောလက်စ်တေ | ၄ | ၁ | ၀ | ၃ | ၃ |
| ၅ | ဖိလစ်ပိုင် | ၄ | ၀ | ၁ | ၃ | ၁ |

# ဆီးဂိမ်း ကွင်းသွင်း ခြင်းခတ်ပြိုင်ပွဲတွင် မြန်မာအမျိုးသားနှင့် အမျိုးသမီးအသင်း ရွှေဆုရယူ

**ရန်ကုန် မေ ၁၀**

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ကို မေ ၁၀ ရက်က စတင်ကျင်းပရာ ကွင်းသွင်းခြင်းခတ် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ခုစလုံးတွင် မြန်မာအသင်း ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။

ခြင်းလုံးပြိုင်ပွဲအပြီးတွင် ပိုက်ကျော်ခြင်းအားကစားနည်း၏ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲအမျိုးအစား စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းများမှာ ပြိုင်ပွဲနှစ်ခုစလုံးတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာအသင်းက အမှတ် ၇၅၀ ဖြင့် ရွှေတံဆိပ်၊ ဖိလစ်ပိုင်အသင်းက အမှတ် ၅၇၀ ဖြင့် ငွေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းက အမှတ် ၂၃၀ ဖြင့် ကြေးတံဆိပ်ဆုရရှိသည်။ ရွှေတံဆိပ်ဆုရ မြန်မာ အမျိုးသမီးအသင်းတွင် ခင်နှင်းဝေ၊ ဆုသဥ္စာနိုင်၊ ကြူကြူသင်း၊ နိုင်နိုင်ဝင်း၊ နွယ်နွယ်ထွေးနှင့် ဖြူဖြူသန်းတို့ ပါဝင်ကြသည်။ အမျိုးသား ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာအသင်းက အမှတ်၆၈၀ ဖြင့် ရွှေတံဆိပ်၊ ဖိလစ်ပိုင်အသင်းက အမှတ် ၆၆၀ ဖြင့် ငွေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းက အမှတ် ၄၆၀ ဖြင့် ကြေးတံဆိပ်ရရှိသည်။ ရွှေတံဆိပ်ဆုရ မြန်မာ



အမျိုးသားအသင်းတွင် အောင်ကျော်မိုး၊ အောင်ဇော်၊ ကျော်ဇေယျာဝင်း၊ သန်းဇော်ဦး၊ သိန်းဇော်မင်းနှင့် ဇင်ကိုကိုတို့ ပါဝင်ကြသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ဆီးဂိမ်းပိုက်ကျော်ခြင်း အားကစားနည်းတွင် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲပါဝင်သည့် အကြိမ်အများစုတွင် အောင်မြင်မှုရရှိခဲ့ပြီး ယခုအကြိမ်တွင်မူ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး၌ ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

# မြန်မာဝူရှူးအဖွဲ့ ငွေတစ်ခု၊ ကြေးတစ်ခု စတင်ဆွတ်ခူး

**ရန်ကုန် မေ ၁၀**

(၃၂) ကြိမ်မြောက် ဆီးဂိမ်း ဝူရှူးပြိုင်ပွဲ ပထမနေ့ကို မေ ၁၀ ရက်က ကမ္ဘောဒီးယားနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာဝူရှူးအဖွဲ့က ငွေတစ်ခု၊ ကြေးတစ်ခု စတင်ဆွတ်ခူးရရှိခဲ့သည်။

ဝူရှူးပြိုင်ပွဲ ပထမနေ့တွင် ထောက်လုနှင့် ဆန်းဆို (အတိုက်) ပွဲစဉ်များ ကျင်းပခဲ့ပြီး ဆုတံဆိပ်ချီးမြှင့်မည့် ထောက်လုပြိုင်ပွဲအမျိုးအစား လေးမျိုးအနက် မြန်မာဝူရှူးအဖွဲ့က ပြိုင်ပွဲနှစ်မျိုးတွင် ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာဝူရှူးအဖွဲ့အတွက် ငွေတံဆိပ်ဆုကို အမျိုးသမီးအတွဲအတိုက် အပြပြိုင်ပွဲတွင် စန္ဒီဦးနှင့် အေးသစ္စာမြင့်အတွဲက ၉ ဒသမ ၄၀၃၀ မှတ်ဖြင့် ရရှိခဲ့ပြီး ရွှေတံဆိပ်ဆုကို အိမ်ရှင်ကမ္ဘောဒီးယား အတွဲက ၉ ဒသမ ၄၄၃၀ မှတ်ဖြင့်လည်းကောင်း၊ ကြေးတံဆိပ်ဆုကို စင်ကာပူအတွဲက ၉ ဒသမ ၃၉၃၀ မှတ်ဖြင့် ရရှိခဲ့သည်။ ကြေးတံဆိပ်ဆုကိုမူ အမျိုးသမီး နန်းချွမ်ပြိုင်ပွဲတွင် အေးသစ္စာမြင့်က ၉ ဒသမ ၁၄၃၀ မှတ်ဖြင့် ရရှိခဲ့ပြီး ရွှေတံဆိပ်ဆုကို မလေးရှားကစားသမား တန်ချောင်မင်က ၉ ဒသမ ၆၂၆၀ မှတ်၊ ငွေတံဆိပ်ဆုကို အင်ဒိုနီးရှားကစားသမား ဒေဝီက ၉ ဒသမ ၅၉၃၀ မှတ်ဖြင့် ရရှိခဲ့သည်။ မြန်မာဝူရှူးအဖွဲ့သည် အမျိုးသားအတွဲအတိုက်ပြိုင်ပွဲတွင် ကျော်ဇေဝင်းနှင့် မြတ်ကိုကိုအတွဲ၊ အမျိုးသားနန်းချွမ်ပြိုင်ပွဲတွင် သိန်းသန်းဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

ဝူရှူးပြိုင်ပွဲ ဒုတိယနေ့ကို မေ ၁၁ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၃၀ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၅ | ၂၀၀၀ | ၁၉၈၅ | ၁၉၆၀ | ၂၀၆၀ | ၂၀၇၅ | ၁၉၆၅ | ၁၉၇၅ | ၂၀၁၅ | ၂၀၁၅ | ၂၀၁၅ | ၂၂၄၅ | ၂၈၁၀ |
| 95 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၀၀ | ၂၃၄၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၉၀ | ၁၉၃၅ | ၁၉၃၅ | ၁၈၉၅ | ၁၉၃၅ | ၁၉၆၀ | ၁၉၅၅ | ၁၉၂၀ | ၂၀၄၀ | ၂၀၃၅ | ၁၉၂၅ | ၁၉၄၀ | ၁၉၇၅ | ၁၉၇၅ | ၁၉၇၅ | ၂၂၀၅ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၇၀ | ၂၀၁၅ | ၂၀၁၅ | ၁၉၇၅ | ၂၀၁၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၀၅ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၅၅ | ၂၂၈၅ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၇၀ | ၂၀၁၅ | ၂၀၁၅ | ၁၉၇၅ | ၂၀၁၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၀၅ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၅၅ | ၂၂၈၅ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၆ | ၁၈၉၆ |
| 95 Ron | ၁၉၁၅ | ၁၉၈၆ |
| HSD (500 ppm) | ၁၇၉၀ | ၁၈၅၆ |
| HSD (50 ppm) | ၁၈၆၄ | ၁၉၃၁ |
| HSD (10 ppm) | ၁၈၆၄ | ၁၉၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❍ ကျောဖုံးမှ

ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်း၏ တိုက်စစ်ဆင်ကစားမှုကြောင့် အနိုင်ရရန် ခက်ခက်ခဲခဲ ကစားခဲ့ရသော်လည်း အနိုင်သုံးမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**တိုက်စစ်ဖွင့်ကစားခဲ့**

မြန်မာအသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး ပြည့်ဖြိုးသူ (ဂိုး)၊ ညဏ်လင်းထက်၊ သက်ဟိန်းစိုး၊ လတ်ဝေဘုန်း၊ ကောင်းထက်ပိုင်၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊ ဟိန်းထက်အောင်၊ ခွန်ကျော်ဇင်ဟိန်း၊ အာကာကျော်တို့ကို အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ဖိလစ်ပိုင်အသင်းက ခံစစ်အမှားအယွင်းမရှိသဖြင့် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးမရသည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်ပိုမြှင့်လာပြီး ၅၅ မိနစ်တွင် တစ်လုံးတည်းသောအနိုင်ဂိုးရခဲ့သည်။ ပယ်နယ်တီဧရိယာစည်းထိပ်၌ရရှိသည့် ပြစ်ဒဏ်ဘောကို ဟိန်းထက်အောင် ကန်သွင်းရာ ဘားထိပြန်ထွက်လာပြီး သက်ဟိန်းစိုးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ၈၂ မိနစ်တွင် မြန်မာနောက်ခံလူ လတ်ဝေဘုန်း အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသောလည်း အနိုင်ရလဒ်ကို ထိန်းကစားခဲ့သည်။

**ဆီမီးဖိုင်နယ် တက်ရောက်**

အုပ်စု (က) ပွဲစဉ်များအပြီးတွင် အင်ဒိုနီးရှားအသင်းက လေးပွဲစလုံးအနိုင်ရကာ ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက သုံးပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ကိုးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။ လေးမှတ်ရသည့် ကမ္ဘောဒီးယား၊ သုံးမှတ်ရသည့် တီမောနှင့် တစ်မှတ်ရသည့် ဖိလစ်ပိုင်အသင်းတို့မှာ အုပ်စုမှ ထွက်ခဲ့ရသည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၃ ရက်တွင်ကျင်းပမည်ဖြစ်ပြီး အုပ်စု (ခ) ပွဲစဉ်များပြီးဆုံးမှသာ တွေ့ဆုံမည့်အသင်းများ ထွက်ပေါ်မည်ဖြစ်သည်။

ညီမြတ်သော်တာ

## ဆီးဂိမ်း ကြက်တောင် Mixed Team ပြိုင်ပွဲတွင် မြန်မာအသင်း ငွေတံဆိပ်ရရှိ

**ရန်ကုန်  မေ  ၁၀**

ဆီးဂိမ်းကြက်တောင်ပြိုင်ပွဲ၏ Mixed Team ပွဲစဉ် ဗိုလ်လုပွဲကို မေ ၁၀ ရက်က ကျင်းပရာ မြန်မာကြက်တောင်အသင်း ငွေတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။ ဗိုလ်လုပွဲတွင် မြန်မာနှင့် အိမ်ရှင်ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်ကစားရာ ကမ္ဘောဒီးယားအသင်းက သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရ ရှိပြီး ရွှေတံဆိပ်ဆုရရှိခဲ့သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ Mixed Team အသင်းလိုက်ပြိုင်ပွဲဖြစ်သောကြောင့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတို့ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ဗိုလ်လုပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဟိန်းထွဋ်က ကမ္ဘောဒီးယားကစားသမားကို နှစ်ပွဲပြတ်အရေးနိမ့်ပြီး အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် သက်ထားသူဇာက နှစ်ပွဲပြတ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအတွဲက နှစ်ပွဲပြတ်အရေးနိမ့်သော်လည်း အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအတွဲက ၂- ၁ ပွဲ ဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ကမ္ဘောဒီးယားအတွဲက အနိုင်ရသဖြင့် ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်အဆင့်မှ စတင်ကစားရပြီး ဘရူနိုင်းအသင်းနှင့် တွေ့ဆုံခဲ့ကာ သုံးပွဲ- ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။

Mixed Team ပြိုင်ပွဲကို ကြက်တောင်ဖွံ့ဖြိုးစနိုင်ငံများအတွက် ကျင်းပပေးခြင်းဖြစ်ပြီး အင်အားကြီးနိုင်ငံများမပါဝင်ဘဲ ကျန်ငါးနိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ညီမြတ်သော်တာ

## ဆီးဂိမ်း Pool 9 Ball တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဘုန်းမြင့်ကျော်အနိုင်ရပြီး ရွှေတံဆိပ် ဆွတ်ခူး

**ရန်ကုန်  မေ  ၁၀**

(၃၂) ကြိမ်မြောက် ဆီးဂိမ်း Pool 9 Ball တစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို မေ ၁၀ ရက်က ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင် Pool ကစားသမား ဘုန်းမြင့်ကျော် ရွှေတံဆိပ်ဆုရရှိခဲ့သည်။

ဘုန်းမြင့်ကျော်သည် ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲတွင် Pool 9 Ball တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ရွှေတံဆိပ်ဆုရရှိထားသူဖြစ်ပြီး ယခုအကြိမ်တွင် တစ်ဦးချင်းပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ယခုပြိုင်ပွဲတစ်လျှောက် လက်စွမ်းပြကာ ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် နံနက်ပိုင်းက ကျင်းပသည့် ဆီမီးဖိုင်နယ်ပွဲတွင် ဗီယက်နမ်ကစားသမား ငုယင်အန်ကျူရန်ကို ၉-၄ ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ဘုန်းမြင့်ကျော်သည် ပွဲစကတည်းက လက်ရည်အသာဖြင့် ကစားနိုင်ခဲ့ပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် စင်ကာပူနိုင်ငံသား အယ်လိုစီယက်ပ်နှင့် တွေ့ဆုံခဲ့ပြီး ၉-၃ ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ပထမပွဲငယ်တွင် ဘုန်းမြင့်ကျော်က အနိုင်ရပြီး ဒုတိယပွဲငယ်တွင်စင်ကာပူကစားသမားက ပြန်လည် အနိုင်ရရှိခဲ့သည်။ သို့သော် တတိယမြောက် ပွဲငယ်မှ သတ္တမမြောက်ပွဲငယ်အထိ ဘုန်းမြင့်ကျော်က ဆက်တိုက်အနိုင်ရပြီး ၆-၁ ပွဲဖြင့် အပြတ်အသတ် ဦးဆောင်နိုင်ခဲ့သည်။ ဘုန်းမြင့်ကျော်သည် နောက်ထပ်ပွဲငယ်နိုင်ပွဲ သုံးပွဲကို ငါးပွဲ အတွင်း ရယူကာ ၉-၃ ပွဲဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာဘိလိယက်အဖွဲ့သည် မေ ၁၀ ရက် ပွဲစဉ်များအပြီးထိ ရွှေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ရရှိထားသည်။

ရဲရင့်လွင်

## Kun Khmer အမျိုးသမီး ၄၈ ကီလိုတန်းတွင် မေသဇင်ထူး ငွေတံဆိပ်ဆုရရှိ

**ရန်ကုန်  မေ  ၁၀**

ဆီးဂိမ်း Kun Khmer ပြိုင်ပွဲကို မေ ၁၀ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီး ၄၈ ကီလိုတန်းတွင် မေသဇင်ထူး ငွေတံဆိပ်ဆုရရှိခဲ့သည်။

မေသဇင်ထူးသည် ယင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်မှ စတင်ယှဉ်ပြိုင်ရပြီး ကမ္ဘောဒီးယားကစားသမားကို ၃၀-၂၇ မှတ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲကို မေ ၁၀ ရက်က ကျင်းပရာ မေသဇင်ထူးသည် ဗီယက်နမ်ကစားသမား သီကင်ယန်နှင့် တွေ့ဆုံခဲ့ရာ ၂၉-၂၈ မှတ်ဖြင့် ရှုံးနိမ့်ပြီး ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ရဲရင့်လွင်

# ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့ . . .

**“ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ မေ ၂၃ ရက်မှ ၃၁ ရက်အတွင်း ကျောင်းအမြန်အပ်နှံစို့”**

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ကျွန်တော်၏ လက်ကိုင်ဖုန်းထဲသို့ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ပေးပို့သော အထက်ပါမက်စ်ဆေ့နှိုးဆော်လွှာလေးတစ်ခု ရောက်ရှိလာသည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စတင်တော့မည်။ ယခုပညာသင်နှစ်တွင် Grade-9 နှင့် Grade-12 အတန်းများကို သင်ရိုးသစ်ဖြင့် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

မကြာမီ မုတ်သုံမိုးဦးဝင်ရောက်လာတော့မည်။ တောင်လေဖြူးသည့် ဤလရာသီတွင် ပင်အိုပင်ပျိုတို့သည် မုတ်သုံမိုးစက်ပွင့်များနှင့်အတူ စိမ်းမြမြနှင့်ယိမ်းကကြပေတော့မည်။ စာသင်ရန်ကျောင်းတံခါးတွေလည်း တစ်ကြိမ်ပြန်ပြီး ဖွင့်လှစ်တော့မည်။ အဖြူနှင့် အစိမ်း ကျောင်းဝတ်စုံကိုယ်စီ ဆင်မြန်းထားသော ချစ်စဖွယ်ရင်သွေးငယ်များကို ကြည်နူးစွာတွေ့မြင်ကြရတော့မည်။

ခေါင်းလောင်းသံချိုမြမြကို ပြန်လည်ကြားယောင်လာသည် -

**“လဲနေသူ ထူပေးပါ။**
**အားငယ်သူ အားပေးပါ။**
**ရေထဲကလူ ဆယ်ယူပါ။**
**အကူအညီပေးပါ။”**
**“အိမ်လမ်း ရွာကျောင်း၊ သန့်ရှင်းကြောင်း၊**
**စုပေါင်း အမှိုက်သိမ်း။”**

ငယ်စဉ်သူငယ်တန်းကျောင်းသားဘဝ မြန်မာသင်ပုန်းကြီးဖတ်စာသစ်ထဲက ကဗျာများ၊ စာများ သူ့အလိုလို အံကျလာသည် -

**“အရွယ်ရောက်လာ၊ တို့ကျောင်းမှာ၊**
**ပညာသင်ကြားကြ။**
**ရွာ၏အလယ်၊ ဂုဏ်ယူဖွယ်၊**
**တင့်တယ်လှပေစွ။**
**ကျောင်းသား ကျောင်းသူ၊ ချစ်ကြည်ဖြူ**
**ညီတူဝတ်ဆင်ရ။**
**ကျောင်းပတ်ဝန်းကျင်၊ နေ့စဉ်ပင်၊**
**ပြုပြင်သန့်ရှင်းကြ။**
**ကျောင်းဥယျာဉ်မှာ၊ မျိုးစုံစွာ၊**
**ညီညာစိုက်ပျိုးကြ။**
**ကျောင်း၏စည်းကမ်း၊ မပျက်တမ်း၊**
**ဝန်ထမ်းစောင့်ထိန်းကြ။**
**တို့ကျောင်းကိုခင်၊ တို့ချစ်လျှင်၊**
**မြဲပင်လေးစားကြ။**
**ကျောင်း၏ကျေးဇူး၊ ပညာဖူး**
**ဆွတ်ခူးနေ့စဉ်ရ။**
**တို့ကျောင်းဂုဏ်ရောင်၊ တိုးမြှင့်အောင်၊**
**ရည်ဆောင်ကြိုးစားကြ”**



ဟူသည့် တတိယတန်းမြန်မာဖတ်စာသစ်ထဲက “တို့ကျောင်း” ကဗျာလေးကိုလည်း နှုတ်တက်ရွရွ အံမိပြန်ပါသည်။

ဝလုံးလေးကိုဝိုင်းအောင်မရေးတတ်၍ ကျွန်တော့်လက်ဆစ် လက်ခေါက်ကို ပေတံဖောင်းဖြင့် ခေါက်၍ခေါက်၍ သင်ကြားပေးခဲ့ပါသော သူငယ်တန်းပြဆရာမလေးအပါအဝင် ငယ်ဘဝက အနန္တကျေးဇူးရှင် ဆရာ ဆရာမများကို ပြန်လည်အမှတ်ရအောက်မေ့လာမိသည်။

ငယ်ဘဝက ကျောင်းနေဖက်ငယ်သူငယ်ချင်းအများစုနှင့်မူ ကျောင်းသားစုံညီပွဲတော်များ၌ မကြာခဏဆုံတွေ့ဖြစ်သည်။ အချို့က အရာရှိအရာခံ၊ ကုန်သည်ပွဲစား၊ လုပ်ငန်းရှင်ဘဝတို့ဖြင့် တင့်တောင်းတင့်တယ်။ အချို့ကား လက်လုပ်လက်စားဘဝဖြင့် ဘဝကို ရုန်းကန်ဖြတ်သန်းလျက်။ ဘဝခရီးကို သက်သောင့်သက်သာဖြတ်သန်းသူ အများစုအား လေ့လာကြည့်လျှင် ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားပြီးမြောက်သူ၊ ဘွဲ့ရပညာတတ်များ ဖြစ်ကြလေသည်။ ဘဝခရီးကို ပင်ပန်းကြီးစွာ ဖြတ်သန်းနေကြသူအများစုမှာမူ ပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ခဲ့ကြသူများ ဖြစ်နေလေသည်။

### ရင်သွေးငယ်များကို ပညာတတ်များ ဖြစ်စေချင်

အချိန်နှင့် ဒီရေသည် လူကိုမစောင့်။ ကုန်လွန်သွားသည့်အချိန် ကာလများက ပြန်လည်၍ မရစကောင်းပေ။ အချို့က ငယ်ရွယ်စဉ်မှာ ပညာကောင်းစွာမရှာခဲ့မိ၍ စိတ်ပျက်အားငယ်ကြရာသည်။ သို့သော် သူတို့၏ တူညီသောဆန္ဒကား မိမိတို့၏ ရင်သွေးငယ်များကို ပညာတတ်များ ဖြစ်စေချင်ကြသည်။ ဘဝပေးအသိ၊ ဘဝပေး သင်ခန်းစာများအရ ဖြစ်ပေလိမ့်မည်။

မှန်ပါသည်။ မိဘတို့သည် မိမိရင်သွေးငယ်များ ဘွဲ့ရပညာတတ်များ ဖြစ်လာစေရေးအတွက် ပညာသင်ချိန်တွင် ပညာသင်ကြားနိုင်မည့် အခြေခံအခွင့်အလမ်းကောင်းများကို ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်သကဲ့သို့ ရင်သွေးငယ်များဘက်ကလည်း ဘွဲ့ရပညာတတ်များ ဖြစ်လာစေရန် ကိုယ်တိုင်ကြိုးစားသင်ကြားသင်ယူကြရမည်ဖြစ်သည်။ မိဘဟူသည်က အခြေခံအခွင့်အလမ်းကောင်းများကို ဖန်တီးဖော်ဆောင်ပေးရုံမျှသာ တတ်နိုင်သည်။ ကိုယ့်ရင်သွေးငယ်များကို ဘွဲ့ရပညာတတ်ကြီး တစ်ယောက်ဖြစ်လာအောင် ဦးဖွဟူ၍ မန်းမှုတ်လုပ်ဆောင်ပေးကာ မရနိုင်ပေ။ ရင်သွေးငယ် ကျောင်းသားကိုယ်တိုင်က ကြိုးစားမှုဖြစ်လာနိုင်မည့်အရာဖြစ်သည်။ ဆိုရလျှင် မိဘကသားသမီးကို ကျောင်းထားပေးရမည့် ဝတ္တရားရှိသလို သားသမီးကလည်း စာကြိုးစားရမည့်တာဝန်ရှိပေသည်။

သို့ရာတွင် အသိမိတ်ဆွေ ကျောင်းသားမိဘအချို့မှာမူ စိတ်ခံစားချက်များအရ ပြီးခဲ့သည့်နှစ်နှစ်တာကာလအတွင်း မိမိရင်သွေးငယ်များကို ကျောင်းအပ်နှံရေးအတွက် ပျက်ကွက်မှုအချို့လည်း ရှိခဲ့သည်။

“ကျွန်တော်တို့လူမျိုးသည် အရာရာအပေါ် ခံစားလွယ်လွန်း၊ သံသယရှိလွန်း၊ အလေးအနက်ထားလွန်းကြလျက် နိုင်ငံရေးနှင့် ဝါဒရေးရာတို့အား ဘဝဝယ်အရေးအကြီးဆုံးအရာသဖွယ် မှတ်ယူကြသည်။ နိုင်ငံရေးနှင့် ဝါဒရေးရာတို့ဟူသည် အရေးကြီးပေသည် မှန်သော်လည်း လူ့ဘဝဇာတ်ခုံ၌အဓိကအကျဆုံးတော့မဟုတ်ပေ။ လူသားအချင်းချင်း စည်းလုံးညီညွတ်စွာ လိုက်လျောညီထွေနေထိုင်ဆက်ဆံသွားနိုင်ရေးသည်သာ အဓိကပင်” ဟူသည့် ဒေါက်တာမောင်မောင်၏ တစ်ချိန်က သုံးသပ်ရေးသားချက်အချို့ကို အမှတ်ရမိသော်လည်း မိမိရင်သွေးငယ်တို့၏အနာဂတ်ဘဝကို ကာယကံရှင်မိဘများကိုယ်တိုင်သာ ကိုယ်ပိုင်သုံးသပ်ဆုံးဖြတ်ရမည့်ကိစ္စသာ ဖြစ်ပေသည်။

“နှုတ်မှုပညာကိုလည်းကောင်း၊ လက်မှုပညာကိုလည်းကောင်း ငယ်၏ဟူ၍ မအောက်မေ့ရာ။

### ကျောင်းသားမိဘတစ်ဦး

ကုန်စင်အောင် တတ်မှုကား တစ်ခုတည်းသော အတတ်သည်လည်း အသက်မွေးကျောင်းဖြစ်လေသတည်း”ဟူသည့် လောကနီတိပါအတိုင်း အသိပညာ၊ အတတ်ပညာဟူသည် လောကလူသားတို့၏ ဘဝခရီးတွင် အရေးပါရုံသာမက အနာဂတ်နိုင်ငံတော်၏ ရှေ့အနာဂတ်ခရီးအတွက်လည်း အဓိကအကျဆုံးဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖြင့်သာ အဓိကတည်ဆောက်ရခြင်းဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အသိပညာ၊ အတတ်ပညာပြည့်စုံသည့်ပညာတတ်များပေါ်ထွက် လာစေရန် အလေးထားဆောင်ရွက်နေသကဲ့သို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းသားကျောင်းသူများအားလုံး အနည်းဆုံးအလယ်တန်းအဆင့်(KG+9) ပြီးမြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ပြီး စိတ်ပါဝင်စားသူများတက်ရောက်နိုင်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၅၁ ကျောင်းကို ခရိုင် ၅၀ တွင် ဖွင့်လှစ်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ပြည်ပပညာတော်သင်များ မျှော်မှန်းနိုင်

အခြေခံပညာအလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသားလူငယ်များအနေဖြင့် အခြေခံပညာ(အထက်တန်း)၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေး အတတ်ပညာစသည့် ပညာရေးလမ်းသွယ်လေးမျိုး သင်ယူနိုင်မည့် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်သည်။ ထူးချွန်ထက်မြက်သူများအနေဖြင့်လည်း ဝါသနာပါရာ အဆင့်မြင့်ပညာများကို သက်ဆိုင်ရာ သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များတွင် ဆက်လက်သင်ယူနိုင်မည် ဖြစ်သကဲ့သို့ ပြည်ပပညာတော်သင်များအဖြစ်လည်း မျှော်မှန်းနိုင်မည်ဖြစ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဧပြီ ၂၆ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံစဉ် “လူငယ်ဆိုသည်မှာ အနာဂတ်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် သားကောင်းရတနာများပင် ဖြစ်ပါကြောင်း။

ပညာထူးချွန်ပြီး ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ အတတ်ပညာများ တတ်မြောက်သည့်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စသည့် ကောင်းမြတ်သောအရည်အသွေးများပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချတည်ဆောက်ခြင်းပင်ဖြစ်ကြောင်း။

*စာမျက်နှာ ၁၇ သို့*

❑ **နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူ့စွမ်းအား အရင်းအမြစ်ဖြင့်သာ အဓိကတည်ဆောက်ရခြင်းဖြစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များ ပေါ်ထွက်လာစေရန် အလေးထားဆောင်ရွက်နေသကဲ့သို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းသား ကျောင်းသူများအားလုံး အနည်းဆုံး အလယ်တန်းအဆင့် (KG+9) ပြီးမြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

# ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မြစ်ကြီးနား မေ ၁၀**

**ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအတွင်းရှိ မိုင်းနားဖွံ့ဖြိုးရေးခြံ KBC စခန်းရှိ နေရပ်စွန့်ခွာ အိမ်ထောင်စုများအား ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်များက မေ ၉ ရက်က သွားရောက်တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။**



ထိုသို့ တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယာယီခိုလှုံရာစခန်းများတွင် ၁၀ နှစ်ကျော်ကြာ ကြံ့ကြံ့ခံနေထိုင်လာခဲ့ကြသည့်အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးပေးနိုင်ရေး အတတ်နိုင်ဆုံး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒါ့အပြင် နေရပ်စွန့်ခွာစခန်းများမှ အိမ်ထောင်စုများအား နေရပ်ကျေးရွာများတွင် ပြန်လည်အခြေချ နေထိုင်ရာတွင်လည်း နေထိုင်စားသောက်ရေး၊ ရေ၊ မီး လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့တွင်အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်မည့်အပြင် မိသားစုများ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။ (ယာပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက အဆိုပါမိုင်းနားဖွံ့ဖြိုးရေးခြံ KBC စခန်းရှိ အိမ်ထောင်စု ၃၀၈စု၊ လူဦးရေ ၁၆၀၉ ဦးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၄၈၆ အိတ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာနစ်ပတ်စာအတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၆၇၅၇၈၀၀ နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့သည့် ငွေကျပ် ၇၅၀၀၀၀၀ တန်ဖိုးရှိ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကုလားပဲ စသည့် အခြေခံစားသောက်ကုန်များနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နောင်ဟီး IDPs စခန်းမှ ၎င်းတို့၏ မူလနေရပ် အမှတ်(၃)ရပ်ကွက်သို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စု ၁၂ စု၊ လူဦးရေ ၅၇ ဦးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ပြောင်းရွှေ့စရိတ်အဖြစ် တစ်အိမ်ထောင်လျှင်ငွေကျပ် တစ်သိန်း၊ ဆန်တစ်အိတ်၊ ဆီတစ်ပိဿာစီတို့ဖြင့် စုစုပေါင်းပစ္စည်းနှင့် ငွေသားတန်ဖိုးငွေကျပ် ၂၂၃၂၀၀၀၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုးငွေကျပ် ၅၁၃၀၀၀၊ ပြောင်းရွှေ့စရိတ်အဖြစ် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၂၀၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက နေရပ်စွန့်ခွာစခန်းနေပြည်သူများ ပြန်လည်နေရာချထားရေးအတွက် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းချိတ်ဆက်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စခန်းများနေ အိမ်ထောင်စုများက လျှပ်စစ်မီးလိုအပ်ချက်၊ လမ်းကောင်းမွန်ရေး၊ ကလေးငယ်များ ပညာရေးနှင့် ရွှေ့ပြောင်းနေထိုင်နိုင်ရေးအတွက် လိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးနိုင်ရေး တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

## မုံရွာမြို့၌ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှု ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်များ ဆက်လက်ထုတ်ပေး

**မုံရွာ မေ ၁၀**

အလုပ်သမားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်များ ထုတ်ပေးခြင်း အခမ်းအနားကို မေ ၉ ရက်က တိုင်းဒေသကြီး မုံရွာမြို့ လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်များ ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မုံရွာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Aventine Co;td (အာမို) မှ အာမခံအလုပ်သမား ဦးဇော်ဇော်အောင်၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုကြောင့် နာရေးစရိတ် ငွေကျပ် ၁၅ သိန်းကို ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်၍ ယခုအခါ ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်



ငွေလုံးငွေရင်း ကျပ်သိန်း ၁၅၀ စုစုပေါင်းထုတ်ပေးငွေကျပ် ၁၆၅ သိန်းကို ကျန်ရစ်သူမိသားစုထံသို့ပေးအပ်ရာ မိသားစုဝင်တစ်ဦးက လက်ခံယူပြီးနောက် ကျန်ရစ်သူမိသားစုကိုယ်စား Aventine Co;td (အာမို) မုံရွာမြို့မှ ရေယာတာဝန်ခံ ဦးမျိုးသီဟကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ခရိုင် (ပြန်/ဆက်)

## ကမမောင်းမြို့၌ ယာယီတိုက်ပွဲရှောင် မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ကမမောင်း မေ ၁၀**

ကရင်ပြည်နယ် ကမမောင်းမြို့၌ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယာယီတိုက်ပွဲရှောင် မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို မေ ၉ ရက်က ကမမောင်းမြို့ အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ယာယီတိုက်ပွဲရှောင်အိမ်ထောင်စု ၇၇၈ စု အတွက် တစ်အိမ်ထောင်လျှင် စောင်တစ်ထည်၊ ခြင်ထောင်တစ်လုံး၊ ပုဆိုးတစ်ထည်၊ လုံချည်တစ်ထည်၊ ဆပ်ပြာတစ်တောင့်တို့ကို ထောက်ပံ့ပေးအပ်မည်ဖြစ်ပြီး လူတစ်ဦးလျှင် တီရှပ်တစ်ထည် ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း အမှတ် (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းထွန်းထံမှ သိရသည်။

ကမမောင်း(ပြန်/ဆက်)



## လားရှိုးမြို့၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**လားရှိုး မေ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ၂၀၂၃-၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပရာ လားရှိုးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက အမှန်တကယ် ဆောင်ရွက်သင့်သည့် ဦးစားပေးလုပ်ငန်းများ၊ နိုင်ငံတော်၊ ခရိုင်နှင့် ဒေသခံပြည်သူများကို အကျိုးပြုသည့် လုပ်ငန်းများအား ဆက်လက် ဖော်ထုတ်ဆောင်ရွက်သွားရန် ပြောကြားသည်။




ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက စီမံကိန်းရည်မှန်းချက် တာဝန်များကို သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ ဆက်လက်၍ ခရိုင်စီမံကိန်း ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်ထွန်းက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပေးကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

ထို့ကြောင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းကို ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တ ကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်၊ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်ပေးရန်ဆိုသည့် ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

လူရည်ချွန် မောင်မယ်များအနေဖြင့် မိမိကိုယ်တိုင်၊ မိမိကျောင်း၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံတော်၏အကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သစ္စာရှိစွာ ပခုံးပြောင်းတာဝန်ယူဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း” စသည်ဖြင့် သြဝါဒစကား ပြောကြားခဲ့သည်။

အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ရမည့် သားကောင်းရတနာ ဟူသည် အလိုအလျောက် ပဒေသာပင်မြေကပေါက်လာသည် မဟုတ်ပါ။ မိဘဆရာသမားတို့၏ စနစ်တကျမြေတောင်မြှောက် ပြုစုပျိုးထောင်ပေးခြင်းဖြင့်သာ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည် ဖြစ်ပေသည်။

သို့ဖြင့် မိမိရင်သွေးငယ်များကို အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့်၊ မိသားစုက အားကိုးရသည့်၊ ရပ်ရွာက အလေးထား လေးစားရသည့် သားကောင်းရတနာများ ဖြစ်လာစေရန် ကျောင်းသားမိဘတိုင်းက လာမည့် မေ ၂၃ ရက်မှ ၃၁ ရက်အတွင်း ကျောင်းအမြန် အပ်နှံကြဖို့ ထပ်ဆင့်နှိုးဆော် တိုက်တွန်းလိုက်ရပါသည်။ ။

# မြို့နယ်များ၌ မိုးသည်းထန်လေပြင်းတိုက်မှုကြောင့် နေအိမ်အချို့ ပျက်စီး

**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း ယမန်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်၍ ကျေးရွာ ၁၀ ရွာမှ နေအိမ်



အချို့နှင့် စာသင်ကျောင်း နှစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း အမိုးလန် ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်၍ သရက်မြို့နယ်အတွင်း ပျက်စီးခဲ့သည့် ကျေးရွာများမှာ အောက်မနိမ့် ကျေးရွာမှ စာသင်ကျောင်း တစ်ကျောင်း၊ အောက်မမြင့်ကျေးရွာမှ နေအိမ်တစ်လုံး၊ ဘန့်ပြင် ကျေးရွာမှ စာသင်ကျောင်း တစ်ကျောင်း၊ ရွာသစ်ကျေးရွာ နေအိမ် တစ်လုံး၊ မြောက်ကျွတ်ကျေးရွာ လူနေအိမ်သုံးလုံး၊ သပြေစမ်းကျေးရွာ နေအိမ် သုံးလုံး၊ ညောင်ပင်သာကျေးရွာ နေအိမ်သုံးလုံး၊ ရွှေဟင်္သာ ကျွန်းကျေးရွာ နေအိမ် တစ်လုံး၊ ကွမ်းအုံကျေးရွာ နေအိမ်နှစ်လုံး၊ တောမြင်ဘာကျေးရွာတွင် ဘုန်းကြီးကျောင်း တစ်ကျောင်း အမိုးလန် ပျက်စီးခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဇော်ထက်( သရက်)**

**ငါ့သရောက်**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ တောပြား ကျေးရွာအုပ်စု အိုရင်းကျေးရွာတွင် မေ ၉ ရက် ည ၁၀ နာရီခန့်က လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ လေပြင်းတိုက်ခတ်မှု ကြောင့် ကျေးရွာရှိ နေအိမ်လေးလုံး ထိခိုက်ပျက်စီးခဲ့ကြောင်း ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရ သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ တောပြားကျေးရွာအုပ်စု အိုရင်းကျေးရွာရှိ ၁၅ ပေ ပတ်လည် သွပ်မိုး၊ ထရံကာ မြေစိုက်နေအိမ်နှစ်လုံး အမိုးလန် ပျက်စီးခြင်း၊ ပေ ၂၀ ပတ်လည် သွပ်မိုး၊ ထရံကာ မြေစိုက်နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခြင်း စုစုပေါင်း နေအိမ်လေးလုံး အမိုးလန်ပျက်စီးခဲ့ ကြောင်းနှင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**နမ့်စန်**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ယမန်နေ့ ညနေ ၆ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဟိုက်ဖတ်ကျေးရွာအုပ်စုမှ ဟိုက်ဖတ်ကျေးရွာ၊ နားတုံကျေးရွာနှင့် ဝမ်လုံကျေးရွာတို့ရှိ သွပ်မိုး၊ အုတ်ညှပ် နေအိမ်နှစ်လုံး၊ သွပ်မိုးထရံကာ နေအိမ်ငါးလုံး စုစုပေါင်း ခုနစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး အမှတ်(၃) ရပ်ကွက်ရှိ အတုလကာရီ ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်း အရှည် ပေ ၄၀ ခန့် ပြိုကျပျက်စီးခဲ့ကြောင်း၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

**တွံတေး**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက်အပိုင်း မြဂိုးကျေးရွာတွင် ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်မှ ၂၅ မိနစ်အထိ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြဂိုး ကျေးရွာ တွံတေး- မအူပင်ကားလမ်းဘေးရှိ ငါးလုပ်ငန်းသိပ္ပံ ကျောင်းဝင်းအတွင်းရှိ အ.မ.က(၁၃)ကျောင်း အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ အမိုးလန်ကျောင်းမှ ကျောင်းဆောင် သွပ်အချပ်ရေ ၁၄၄ ချပ်နှင့် ဒိုင်း၊ မြား အချို့ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက် ဒဏ်ရာ ရရှိမှုမရှိကြောင်းနှင့် အဆိုပါကျောင်းဆောင်မှာ ၁၉၅၈ ခုနှစ်က ဆောက်လုပ်ထားသော ကျောင်းဆောင်ဟောင်းဖြစ်ကြောင်း သိရသည်။

**တွံတေးသား**



# ခရမ်းမြို့နယ်၌ မုန်တိုင်းအန္တရာယ်ကျရောက်ပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး သရုပ်ပြလေ့ကျင့်

**ခရမ်း မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မီးသတ်ဦးစီးဌာနက မုန်တိုင်း အန္တရာယ်ကျရောက်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေး အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်စိုးမိုး ဦးဆောင်၍ တပ်ဖွဲ့ဝင် များဖြင့် ကာကွယ်ရေးသုံးပစ္စည်းများ စုဖွဲ့ခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်း များကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မုန်တိုင်းအန္တရာယ်ကျရောက်၍ ပြိုကျ အဆောက်အအုံများရှိပါက ကယ်ဆယ်ရှာဖွေထုတ်ရန်၊ သစ်ပင်များ ပြိုလဲသည့်အခါ အသုံးပြုသည့် လွှစက်များ အစရှိသည်တို့ကို အသင့်စုဖွဲ့ ဆောင်ရွက်ထားရှိခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများကို ဆောင်ရွက် သည်။

**ကိုမင်း (ခရမ်း)**



# အောင်လံမြို့နယ်အတွင်း လေပြင်းတိုက် နေအိမ်များအမိုးလန်

**အောင်လံ မေ ၁၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် ယမန်နေ့ညနေ ၅ နာရီခွဲ ခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ရွာဟိုင်းကျေးရွာ၊ ရွာပြင်း ကျေးရွာ၊ ရွှေသူဌေးကျေးရွာ၊ စစ်အောင်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၊ မိုးဖုန်းကျေးရွာအုပ်စု မိုးဖုန်းကျေးရွာ၊ ဇောင်းလျားကျင်းကျေးရွာအုပ်စု ဈေးကုန်းရပ်ကွက်တို့တွင် နေအိမ် ၃၄ အိမ်၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ အ.လ.က စာသင်ကျောင်း တစ်ကျောင်းတို့ အမိုးလန် ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ၄၀၀ ကေဗွီ ကွန်ကရစ်လျှပ်စစ်မီးတိုင် နှစ်တိုင် တို့ ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**မျိုးသိန်း(ပြန်ဆက်)**


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀- ၅ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၉၂၇၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၉၂၇၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၃၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၃၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၈၀ ကျပ် | ၁၉၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၆၀ ကျပ် | ၂၀၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၀၀ ကျပ် | ၁၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၉၅ ကျပ် | ၂၀၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၀၀ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၂ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၂ . ၄၃၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၃ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၁ . ၀၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၀၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၂၃၅၀ | ၁၉၂၇၀၀၀၀ |
| MTSH | ၂၈၅၀ | ၂၈၀၀ | ၅၅၀ | ၁၅၆၇၄၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၁၆၂၇ | ၂၃၅၉၁၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၄ | ၁၀၀၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၂၇၄ | ၆၉၈၇၀၀ |
| AHP | ၄၈၀၀ | ၄၇၀၀ | ၂၁၀ | ၁၀၀၇၀၀၀ |

ညီညီ - စုစည်းသည်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ (၂၀၂၃-၂၀၂၄) ခု ဘဏ္ဍာရေးနှစ် (၄/၂၀၂၃ လမှ ၃/၂၀၂၄လ) အထိ မန္တလေးနေ့စဉ်သတင်းစာများ ပုံနှိပ်ထုတ်ဝေနိုင်ရန် သတင်းစာစက္ကူ News Print Paper 48.8 gsm 30" Size တန်(၁၅၀)ဝယ်ယူခြင်းကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၂-၅-၂၀၂၃ရက်

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက်၊ ၃၅လမ်းနှင့် ၃၆ လမ်းကြား၊ လမ်း ၇၀ နှင့် ၇၁လမ်းကြား

(ဂ) တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန် - ၂၂-၅-၂၀၂၃ရက် ညနေ ၄း ၃၀နာရီ

(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက်၊ ၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း ၇၀ နှင့်၇၁လမ်းကြား

(င) တင်ဒါရွေးချယ်မည့် နေ့ရက်နှင့်အချိန် - ၂၅-၅-၂၀၂၃ရက် နံနက် ၁၀နာရီ

(စ) တင်ဒါရွေးချယ်မည့် နေရာ - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ အစည်းအဝေးခန်းမ

(ဆ) တင်ဒါလျှောက်လွှာတစ်စုံ ရောင်းချဈေးနှုန်း - (၁၀၀၀၀)/-ကျပ်

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၉-၂၀၅၉၇၇၅၊ ၀၉-၂၀၀၀၅၀၄၊ ၀၂-၂၈၄၇၃၉၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ (၂၀၂၃-၂၀၂၄)ခု ဘဏ္ဍာရေးနှစ် (၄/၂၀၂၃ လမှ ၃/၂၀၂၄လ)အထိ မန္တလေးနေ့စဉ်သတင်းစာများ စာမျက်နှာတိုင်း ရောင်စုံပုံနှိပ်ထုတ်ဝေနိုင်ရန် ရောင်းစုံပတ်လည်ပုံနှိပ်စက် (USED)တစ်စုံဝယ်ယူခြင်းကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့် နေ့ရက် - ၁၂-၅-၂၀၂၃ရက်

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့် ၃၆ လမ်းကြား၊ လမ်း ၇၀နှင့် ၇၁ လမ်းကြား

(ဂ) တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန် - ၂၂-၅-၂၀၂၃ရက် ညနေ ၄း၃၀နာရီ

(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း ၇၀နှင့် ၇၁ လမ်းကြား

(င) တင်ဒါရွေးချယ်မည့်နေ့ရက် နှင့်အချိန် - ၂၅-၅-၂၀၂၃ရက် နံနက် ၉း၃၀နာရီ

(စ) တင်ဒါရွေးချယ်မည့်နေရာ - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ အစည်းအဝေးခန်းမ

(ဆ) တင်ဒါလျှောက်လွှာတစ်စုံ ရောင်းချဈေးနှုန်း - (၁၅၀၀၀/)-ကျပ်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၀၅၉၇၇၅၊ ၀၉-၂၀၀၀၅၀၄၊ ၀၂-၂၈၄၇၃၉၈တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်7E/9497 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/12652, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ KHWAR NYO TRADING CO.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RLG/2223 ယာဉ်အမည်ပေါက် ဥုးဥတ္တရဘိဝံသ ၇/ကတခ(သ)၀၀၀၀၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ (၆)မြို့နယ်အတွင်း လမ်းမီးထွန်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သော မီးတိုင်၊ မီးလုံး၊ မီးကြိုး၊ Transformer နှင့် ကော်မတီရုံးဝင်းအတွင်း အသုံးပြုရန်လိုအပ်သော LED Display, Airconများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၁-၅-၂၀၂၃ရက်မှ ၂၅-၅-၂၀၂၃ရက်ထိ

(ခ) တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်အချိန် - ၂၅-၅-၂၀၂၃ရက် ညနေ ၄နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက် - ၃၁-၅-၂၀၂၃ရက် (ခန့်မှန်း)

(ဃ) တင်ဒါဖွင့်မည့်နေရာ - အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(င) တင်ဒါတစ်စုံရောင်းဈေးနှုန်း

(၁) မီးတိုင်(GI Pole) - ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)

(၂) မီးလုံး(LED Lamp) - ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)

(၃) မီးကြိုး(၅)မျိုး - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

(၄) LED Display - ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)

(၅) Aircon - ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)

(၆) Transformer - ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)

သတ်မှတ်ရက်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို တည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း-၀၉-၂၂၀၁၉၇၂နှင့် ၀၉-၄၄၄၀၀၈၂၂၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သည့် ဘိလပ်မြေအိတ်နှင့် သံလုံးသံချောင်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၁-၅-၂၀၂၃ရက်မှ ၂၅-၅-၂၀၂၃ရက်ထိ

(ခ) တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် - ၂၅-၅-၂၀၂၃ရက်၊ ၁၆း၀၀နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက် - ၃၁-၅-၂၀၂၃ရက်(ခန့်မှန်း)

(ဃ) တင်ဒါဖွင့်မည့်နေရာ - အဆောက်အအုံနှင့် ကုန်ရုံဌာန

(င) တင်ဒါတစ်စုံရောင်းဈေးနှုန်း

(၁) ဘိလပ်မြေအိတ် - ၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ)

(၂) သံလုံးသံချောင်း - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဖုန်း-၀၉-၂၂၁၀၆၁၀နှင့် ၀၉-၇၉၈၅၄၄၉၁၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့် ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် (၃)ရပ်ကွက်၊ အကွက်အမှတ် (၂)၊ ကူတို့ဆိပ်အကွက်၊ ဦးပိုင်အမှတ် (၂၇)၊ မြေဧရိယာ ဝဒသမ၁၇၂ဧကရှိ မူလအမည် ဒေါ်စိန်ပုအမည်မှ ဒေါ်သန်းမြင့်အမည်သို့ အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်အတူ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဘားအံမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ City Loft၊ တိုက်အမှတ်(CL -7,(A-2))၊ ၁လွှာ၊ အခန်းအမှတ်(၁၀၇)၊ Type(Studio)၊ ဧရိယာ(၃၁၂)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ဆန်းချစ်ရဲဝင်း (၁၁/စတန(နိုင်) ၀၅၁၇၈၂)၊ ဒေါ်တန်ဘိရန်(ခ)ဒေါ်ရီရီဝင်း (၁၂/လမတ(ဧည့်) ၀၀၀၀၀၉) တို့မှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးရန်အောင်မင်း (၁၂/ဗဟန(နိုင်) ၀၉၄၀၉၉)၊ ဒေါ်အင်ကြင်း (၉/အမဇ(နိုင်) ၀၂၁၃၈၁)တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရန်အောင်မင်း၊ ဒေါ်အင်ကြင်းတို့၏လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ချင်းပြည်နယ်၊ ဟားခါးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | တည်နေရာ |
|---|---|---|
| Lot-1 | ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ၊ (၂)လုံး အနောက်ဘက် RCCမြေထိန်းနံရံတည်ဆောက်ခြင်း (၁၅၆'x၂.၅'x၁၂')လုပ်ငန်း | ဟားခါးမြို့ |
| Lot-2 | ဟားခါးမြို့နယ်စုပေါင်းရုံးပြုပြင်ခြင်းလုပ်ငန်း (ရေ၊ မီး၊ ဆေး)အပါအဝင် | ဟားခါးမြို့ |
| Lot-3 | ဟားခါးခရိုင်ရုံးအနောက်ဘက် မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်း(၂၀၀'x၁'၆"x၅') (၁၀၀'x၃'x၁၀') (၉၀'x၃'x၁၄') နှင့် အုတ်တံတိုင်း (၃၉၀'x၆')ဆောက်လုပ်ခြင်းလုပ်ငန်း | ဟားခါးမြို့ |

၂။ တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက်/အချိန် - ၁၀-၅-၂၀၂၃ရက် နံနက် ၉နာရီ

၃။ တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန် - ၈-၆-၂၀၂၃ရက် မွန်းလွဲ ၂နာရီ

၄။ တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၅။ အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ၂၂-၆-၂၀၂၃ရက်

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၂၃၉၉သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟားခါးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) တောင်ဥက္ကလာပမြို့နယ်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၄

ဒေါ်သီတာ **နှင့်** ဒေါ်သောင်း
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ (၃) လမ်း၊ အမှတ် (၄၀၉/က)နေ ဒေါ်သောင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၁၂အရ မြေနှင့်အိမ် အပြီးအပိုင် အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မေ ၁၆ ရက် (၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းရွှန်းလဲ့)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ပုဇွန်တောင်မြို့နယ်၊ အထက (၄)၊ Grade(8-A) မှ မောင်ဉာဏ်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးရဲထွဋ်အေး ၅/ရဘန(နိုင်) ၀၀၀၅၇၂ ဖြစ်ပြီး မောင်ဉာဏ်လင်းအောင်၏ မွေးသက္ကရာဇ်မှာ ၂၃-၆-၂၀၀၉ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အထက(၁) မှ ကျောင်းဝင်အမှတ်(က-၉၁၀၈) မခိုင်ခိုင်ထွန်း၏ ဖခင်အမည်မှန် ဦးထွန်းထွန်းဇော် ၉/မခန(နိုင်) ၁၀၁၉၆၇ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဇော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/3342, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ထက် ၁၄/မမန(နိုင်)၂၁၀၇၇၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/19755, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစစိုးထက် ၁၄/ကကထ(နိုင်) ၁၉၅၈၇၂က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/53280, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေနှင်းဦး ၁၄/သပန(နိုင်) ၁၈၁၉၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၁၊ မြေကွက်အမှတ်- ၁၃/ခ[၁]၊ ၁၃/ခ[၂] ၊ မြေအမျိုးအစား- နှစ် (၆၀) မြေငှားဂရန်မြေကွက်ပေါ်၌ တည်ဆောက်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀) ရပ်ကွက်၊ အင်းလျားရိပ်သာလမ်း၊ MAY INYA အဆင့်မြင့်အိမ်ရာ၊ အမှတ်- ၁၄/AA ၊ ၁၄/AA-2 ဟုခေါ်တွင်သည့် အခန်းအမှတ်- 3 B ၊ LEVEL- 3၊ ဧရိယာ- ၁၂၃၀ စတုရန်းပေ အကျယ်အဝန်းရှိ ရေ၊ မီး အစုံ ကွန်ဒိုတိုက်ခန်းနှင့် ကားပါကင်တစ်နေရာသုံးစွဲခွင့် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ဦးကျော်စိုးမင်း (၁၂/စခန (နိုင်) ၀၅၉၉၇၈) နှင့် ဒေါ်သီရိနွယ် (၁၂/ဗဟန (နိုင်) ၀၈၂၈၅၁) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကွန်ဒိုတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် -၉၆

| | | |
|---|---|---|
| ဦးဟန်မြင့် | နှင့် | ၁။ ကိုအေးကို |
| | | ၂။ မချိုသစ်မူ |
| တရားလို | | တရားပြိုင်များ |

ချမ်းမြသာစည်မြို့နယ်၊ ရွှေဝါဝင်းနိဗ္ဗာန်ကုန်ဆိုင်၊ ရွှေတချောင်းမြောင်း အရှေ့ဘက်၊ ဘုရားကြီးအနောက်မုခ်၊ ကျွန်းလုံးဥဿျောင်းရပ်ကွက်၊ အကွက် (၅၀၇)နေ ကိုအေးကိုနှင့် မချိုသစ်မူ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း (၃၀၀) (ကျပ်သိန်းသုံးရာ) တိတိရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇွန် ၂ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဌေးဌေးလွင်)
ဒုတိယခရိုင်တရားသူကြီး (၃)
မဟာအောင်မြေခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း၊

ကျွန်မ ဒေါ်နုနုလွင် -၁၂/မဂတ(နိုင်)၀၈၀၀၆၅ သည် အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ကျွန်မ ဒေါ်နုနုလွင် ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၊နတ်ချောင်းရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ်(၃-ခ)ရှိအကျယ်အဝန်း(၀. ၂၅၈ ဧကေ)ပေါ်တွင် ဆောက်လုပ်ထားသော Prince Hotel (၈ ထပ်ခွဲ)တိုက်၊ အခန်း(၉၀)ပါ Hotel အဆောက်အဦးကို ကျွန်မ၏ဖခင်ဖြစ်သူ ဦးသိန်းအောင် ၁၂/မဂတ(နိုင်)၀၁၆၆၃၆ ၏ အမည်ဖြင့် ဟိုတယ်လုပ်ငန်းလိုင်စင် လျှောက်ထားခဲ့ပါသည်။ ယခုအခါ ဦးသိန်းအောင်မှဒေါ်နုနုလွင်-၁၂/မဂတ(နိုင်)၀၈၀၀၆၅ ထံသို့ General Power ပေး အပ်ပြီးဖြစ်ပါသဖြင့် ဦးသိန်းအောင်အမည်ဖြင့်လျှောက်ထားသောPrince Hotelလုပ်ငန်းလိုင်စင်အားဒေါ်နုနုလွင်အမည်သို့ လိုင်စင်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသဖြင့်အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ Hotel လုပ်ငန်းလိုင်စင် အမည်ပြောင်းလဲခြင်းတို့ကိုလုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်နုနုလွင်
၁၂/မဂတ(နိုင်)၀၈၀၀၆၅
09 5148346

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသက်ပိုင်စိုး ၁၂/ဥကတ(နိုင်)၁၆၆၆၀၇၏ ပတ်စ်ပို့နံပါတ် M 618570 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၀၄၀၈၈၇

## အမည်ပြောင်း

ပုသိမ်မြို့၊ အမှတ်(၁၅)ရပ်ကွက်ရှိ PEC Private School & IGCSE Centre Pathein Grade-5(Year-6) (IGCSE) မှ (ဘ)ဦးကျော်မင်းထွန်း ၁၄/ပသန (နိုင်) ၁၆၄၆၉၅၏သား မောင်ဟိန်းသုတညီအား မောင်သုတဉာဏ်သွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်သုတဉာဏ်သွေး

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/18325, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းပွင့်ဝေ ၁၄/သပန(နိုင်) ၁၀၈၆၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/6913, Nissan X Trail PNT30 S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကိုကို ၇/ရတန(နိုင်)၀၆၃၇၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊
## မန္တလေး တိုင်းဒေသကြီး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)ရုံးမှ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး (သာမန်/ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဒီဇယ်ဆီများဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများမှ မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံး(ရေအရင်းအမြစ်)၊ မန္တလေးတိုင်းဒေသကြီး၊ (၇၃)လမ်း၊ ၁၀၁သိပ္ပံလမ်းနှင့် ၁၀၂(A)လမ်းကြား၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူပေးသွင်းနိုင်ပါသည်။

| စဉ် | Lot No. | လုပ်ငန်းအမည် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|---|---|
| ၁။ | Lot-2 | မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်များ၏(ပြင်/ထိန်း)လုပ်ငန်းသုံး ဒီဇယ်ဆီများ ဝယ်ယူခြင်း(ပုသိမ်ကြီးမြို့နယ်၊ ချောင်းဝန်းဆီသိုလှောင်ရုံအရောက်) | ဒီဇယ်ဆီ | ဂါလန် | ၂၅၀၀၀ခန့် |
| ၂။ | Lot-3 | မြင်းခြံခရိုင်၊ ဆီမီးခုံ-၃ မြစ်ရေတင် (လုပ်ငန်းခွင်အရောက်) | ဒီဇယ်ဆီ | ဂါလန် | ၁၉၉၀၀ခန့် |

(က) **တင်ဒါလျှောက်လွှာရယူရမည့်ရက်** - ၁၁-၅-၂၀၂၃ရက်မှ ၂၄-၅-၂၀၂၃ရက်ထိ

(ခ) **တင်ဒါသွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၂၅-၅-၂၀၂၃ရက် ညနေ ၄နာရီ

(ဂ) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - ဆက်သွယ်အကြောင်းကြားပါမည်။

၃။ သတ်မှတ်ရက်/အချိန်ထက် နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၈၀၃၆၈၊ ၀၉-၂၀၄၅၅၉၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၂၂၁)၊ မြတ်ရတနာ (၆)လမ်း၊ မြတ်ရတနာအိမ်ရာ၊ မြတ်ရတနာအိမ်ရာစီမံကိန်း၊ အောင်ချမ်းသာမြို့ကွက်သစ်ရပ်ကွက်၊ သန်လျင်မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာမြို့ကွက်သစ်၊ လူနေရပ်ကွက်အမှတ်-မြတ်ရတနာအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် (၂၂၁)၊ ဧရိယာ ၂၆၈၀ စတုရန်းပေရှိ နှစ် ၆၀ ဂရန်မြေအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးကျော်စိုး (၇/ပခန(နိုင်)၀၁၀၃၈၇)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၂၂၂)၊ မြတ်ရတနာ (၆)လမ်း၊ မြတ်ရတနာအိမ်ရာ၊ မြတ်ရတနာအိမ်ရာစီမံကိန်း၊ အောင်ချမ်းသာမြို့ ကွက်သစ်ရပ်ကွက်၊ သန်လျင်မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာမြို့ကွက်သစ်၊ လူနေရပ်ကွက်အမှတ်-မြတ်ရတနာအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် (၂၂၂)၊ ဧရိယာ ၂၆၃၈ စတုရန်းပေရှိ နှစ် ၆၀ ဂရန်မြေအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ခင်မာလာဝင်း (၁၂/မဂတ(နိုင်)၀၀၃၃၇၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးကျော်ခိုင်ဝင်း ၉/အမဇ(နိုင်)၀၂၃၃၇၇၊ ဒေါ်အိအိထွေး (၉/အမဇ(နိုင်)၀၀၂၆၇၈) တို့က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ခိုင်ဝင်းနှင့် ဒေါ်အိအိထွေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)၊ ဖုန်း-၀၉-၅၄၁၀၃၅၄**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿကလမ်း၊ အမှတ် (၇)၊ (၂)ခန်းတွဲ RC (၆)ထပ်အဆောက်အအုံ၏ (မြေညီထပ်+မှန်ခန်း)၊ (ပထမထပ်)၊ (၂-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (ညာဘက်အခန်း)၊ ဧရိယာ (၉၆၉)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးတက်ထွန်းအေး ၁၂/ပဇတ(နိုင်)၀၀၆၉၄၉ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ဖြိုးထက် ၁၂/ဥကတ(နိုင်)၁၈၉၃၀၅၊ ဒေါ်မြတ်မြတ်နွယ် ၁၂/ဥကတ(နိုင်)၁၉၀၅၂၉တို့က အပြီးအပြတ်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ဖြိုးထက်၊ ဒေါ်မြတ်မြတ်နွယ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင် (LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၂၇**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## လယ်ဝေးခရိုင်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇
## (ယခင်ဒက္ခိဏခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၃၉/၂၀၂၀)

| | | | |
|---|---|---|---|
| ဦးရွှေသီး | နှင့် | ၁။ ဦးကိုကြီး | ၉။ ဦးဇော်ကြီး |
| | | ၂။ ဒေါ်အေးစမ်းကြည် | ၁၀။ ဦးစိန်ထွန်း |
| | | ၃။ ဦးသန်းဇော် | ၁၁။ ဒေါ်သန်းမြင့် |
| | | ၄။ ဦးသုမောင် | ၁၂။ ဒေါ်အုန်းတင် |
| | | ၅။ ဒေါ်မီမီချော | ၁၃။ ဒေါ်အုန်းခင် |
| | | ၆။ ဦးထွေး | ၁၄။ ဒေါ်သိန်းမြင့် |
| | | ၇။ ဒေါ်သန်းရွှေ | ၁၅။ ဒေါ်တင်မာဦး |
| | | ၈။ ဦးမောင်သောင်း | ၁၆။ ဦးကျော်ထွေး |
| တရားလို | | | တရားပြိုင်များ |

နေပြည်တော်၊ပျဉ်းမနားမြို့နယ်၊ ရွာသစ်ကြီးရွာနေ (ဘ)ဦးကျော်မြင့်၏ သမီး ဒေါ်တင်မာဦး သိစေရမည်။

သင်တို့အပေါ်၌ ဦးရွှေသီးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၃ ခုနှစ် မေလ ၂၃ရက် (၁၃၈၅ခုနှစ် နယုန်လဆန်း ၅ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် မေလ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထွန်းနိုင်ထွေး)
ခရိုင်တရားသူကြီး
လယ်ဝေးခရိုင်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၆၅၅၅ ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

